စံလှစာပေ www.burmeseclassic.com

# အချစ်စစ်အချစ်မှန် စကားပုံများ

သုတေသီ ဘုန်းမြင့်သွေး

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် - ၄၀၀၀၅၃၀၁၀၈

မျက်နှာဖုံးခွင့်ပြုချက် - ၄၀၀၆၄၁၀၆၀၈

ပထမအကြိမ်၊ ဒီဇင်ဘာလ၊ ၂၀၁၀

(၁၀၀၀) အုပ်

တန်ဖိုး - ၃၀၀ ကျပ်

**ထုတ်ဝေသူ**

ဦးနေမျိုး

အမှတ် (၁)၊ သုမင်္ဂလာလမ်း၊

တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

**ပုံနှိပ်သူ**

ဦးဆန်းနိုင် (စိုးမိုးမိတ်ဆက်ပုံနှိပ်တိုက်) မြဲ-၀၂၂၀၉

၁၄၆၊ (၃၃) လမ်း၊ ကျောက်တံတားမြို့နယ်၊

ရန်ကုန်မြို့။

**ဖြန့်ချိရေး**

စံလှစာပေတိုက်

အမှတ် - ၁၈၀၊ ၂၉ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊

ရန်ကုန်မြို့။

ဖုန်း - ၀၁ ၂၄၆၆၂၁


BURMESE CLASSIC .com

## ချစ်မိပြီဆိုမှဖြင့်

* He who loves you makes bulid on a rock.

* သင့်ကို ချစ်မြတ်နိုးသူသည် သင့်ကို ကျောက်ဆိုင် ကျောက်တုံးထက်မှ တည်ဆောက်မှု ပြုစေသည်။

(ဂနိဒါ စကားပုံ)

♥

## အချစ်စစ် - အချစ်မှန်

* True Love never becomes grey.

* အချစ်စစ် အချစ်မှန်ဆိုတာ ဘယ်တော့မှ ဟောင်းနွမ်းသွားခြင်း မရှိပါဘူး။

(အီတာလျံ စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | အမှာစာ | ၁ |
| ၂။ | အချစ်စစ် အချစ်မှန် စကားပုံများ | ၇ |
| ၃။ | အချစ်စကား အချစ်တရား | ၂၉ |
| ၄။ | အချစ် အတွေးဆန်းများ | ၇၁ |
| ၅။ | မြန်မာအချစ်နှင့် ဗို-မ စကားပုံများ | ၁၀၁ |
| ၆။ | တိုင်းရင်းသားအချစ်နှင့် ဗို-မ စကားပုံများ | ၁၂၁ |
| | ကျမ်းကိုးစာရင်း | ၁၂၉ |


## အမှာစာ

* All complain of their lack of money, none of their want of brains.

(Rumanian Proverb)

* အားလုံးသည် ငွေမရှိသည့်အတွက် ညည်းတွားကြတယ်။ အသိတရား လိုအပ်မှုအတွက်ကို ညည်းတွားသူမရှိ။

**(ရွမေးနီးယား စကားပုံ)**

လူ့ပျို-အပျိုဘဝမှာ အချစ်စကား အချစ်တရားတွေ သိထားဖို့ရန် အလွန်ပဲ အရေးတကြီးကိစ္စရပ်တစ်ခုပါ။ အရွယ်ကောင်း အားမာန်ပိုင်ရှင်ဘဝမှာ ပညာရေးကတော့ (တစ်)။ ကြင်ရာအရေးကိစ္စကတော့ (နှစ်)မှာသာရှိပါတယ်။ သည်နှယ်သဘောရှိပေမယ့် အသိတရားဆိုတာ ကြိုသိမှ ကောင်းပါတယ်။ နောင်တတွေနှင့် နောင်မှသိတာက နောက်ကျပြီး ဆုံးရှုံးပါတယ်။

လူတွေ အတော်များများကိုပဲ ခက်ပါတယ်။ အားလုံးဟာ ငွေမရှိ၊ မရသေးကြရင် ညည်းတွားတတ်ကြတယ်။ 'ငါ့မှာ အသိတရား နည်းနေသေးပါလား' လို့ မညည်းတွားကြဘူး။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သိမှ ရှိမှာ။ သိမှ ရှောင်နိုင်မှာ။ သိမှသာ ဆောင်ရန် နှင့်ရှောင်ရန်ကို နားလည်ထားမှာပေါ့။ ကြိုတင်သိတာ၊ ကြိုတင်ကာကွယ်ခြင်းဟာ ဘာမဆို 'ကောင်းမှကောင်း' ပါ။

အချစ်ကို သိထားတော့၊ (စာသိနှင့်) အချစ်ကို သိထားတော့ အပြစ်ဆိုတာတွေကို တိမ်းနိုင်ယိမ်းနိုင်တာပေါ့။ အချစ်ကို ထဲထဲဝင်ဝင် မသိသေးတောင် နည်းနည်းမြင်မြင်သိထားတော့ အချစ်ဆိုတာကို နဖူး တွေ့၊ ဒူးတွေ့ တွေ့လာရင် စိမ်ခေါ်ရဲတယ်လေ။

'အချစ်လားဟေ့၊ ဝင်ခဲ့လေကွယ်' ရယ်လို့ စာသိနှင့် သိထားတဲ့၊ ကြိုတင်အသိတရားကြောင့် 'အေးဆေး' ပါပဲ။

လူပျို–အပျိုတို့အတွက် အချစ်စကားပုံတွေ လေ့လာခြင်းအားဖြင့် အများကြီး ပညာတိုးပါလိမ့်မယ်။ ပြောရိုး ဆိုရိုး စကားတွေ၊ အတွေးအခေါ်တွေ အများကြီးပါတယ်။

စကားပုံဟာ ဆုံးမစာတိုလေးတွေ ဖြစ်တယ်။ စကားပုံတွေ၊ ဆိုရိုးစကားတွေဟာ စံနမူနာတင်လောက်အောင်ဝင် တိုတောင်းလှပါတယ်။ ဒါပေမဲ့ ပေါ့တန်တန် မဟုတ်ပါ။ အနှစ်သာရကို



အဆီညှစ်ထုတ်ထားခြင်း ဖြစ်ပါတယ်။ ရှေးရှေးက လူတွေ ရှန်းကန်ဖြတ်သန်း ကျော်လွှား၊ သုခ ဒုက္ခခံပြီး ခံစားမှုတွေကနေ စကားပုံတွေ ဖြစ်လာခဲ့တာပါ။

လူများ၏ စိတ်ထားများက အချစ်အပေါ် ဘယ်သို့ရှိသည်ကို စကားပုံများက သိနိုင်ပါတယ်။ သူဟောင်းတို့၏ စကားစဉ်များမှာ တွေ့နိုင်ပါတယ်။ စကားပုံဟာ ခေတ်၏ ဆုံးမစာလို့ဆိုတယ်။

အကျိုးပြုစာဆိုတာ ဖတ်လေလေ၊ မိတ်ဆွေကောင်းနှင့်တွေ့လေလေ သဘောဖြစ်တယ်။

အချစ်ကြောင့် လူဖြစ်လာကြရသဖြင့် အချစ်အကြောင်း သိချင်ကြတယ်။ ရေးချင်၊ ဖတ်ချင်ကြတယ်။ လူပျို အပျိုဘဝမှာ အချစ်အကြောင်းကို သိကိုသိထားရမယ်။ မသိမဖြစ် အချစ်။ မရှိမဖြစ် အချစ်။

'(တစ်)ပြီးရင်၊ (သုံး)မလာဘူး' ဆိုတာကို သေချာပေါက်ပြောနိုင်ပေမယ့် 'ချစ်ပြီးရင်တော့ မမုန်းပါဘူး' လို့ သေချာပေါက် မပြောနိုင်ဘူးလေ။

အချစ်၏ အဓိပ္ပာယ်ကို ရှာရအောင်၊ အချစ်၏ ဆန်းကြယ်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းကိုသိရအောင်၊ အချစ်စိတ်ရဲ့ နက်နဲရှုပ်ထွေးသော သဘော သဘာဝကို မြင်လာအောင် အချစ်စကားပုံလေးတွေကို လေ့လာပါ။ အပြည့်အစုံမသိတောင် အတွေ့အကြုံလေး သဘောရယ် ပေါ့။

နုပျိုရွှင်လန်း ကျန်းမာစွာ အသက်ရှည်စေရန် စာပေဖြင့် မြူပြင်ဖန် တီးနိုင်ပါတယ်။

အချစ်အကြောင်းဟာ နှောင်းမှသိလို့မဖြစ်ဘူး။ အသိတရား အရ စောမှ ဘဝအမောတွေ ယက်သာမှာ။ ဘဝဟာ အချစ်၊ အချစ်ဟာ ဘဝ။ ဘဝဆိုတာ အချစ်နှင့်တည်ဆောက်တာပါ။

တမီလ် စကားပုံလေးတစ်ခုက–

* အချစ်ရှိပါလျှင် မဖြစ်နိုင်ခြေများက ဖြစ်နိုင်မှုများ ဖြစ်လာမယ်လို့ ဆိုပါတယ်။ စာရေးသူသိတာ လောကမှာ အချစ်ကြောင့် ပျက်တာထက် အချစ်ကြောင့် ဖြစ်တာများတယ်နော်။

အချစ်စစ်၊ အချစ်မှန်ဖြစ်ခဲ့ရင် တကယ့်ကို ကြိုးစားကြတယ်။ အလွန်ကို ကြိုးစားကြတယ်ဗျာ။ လောကမှာ အချစ်စစ်၊ အချစ်မှန်ဟူသည် လွန်စွာသိမ်မွေ့နက်နဲရှားပါးလှပါတယ်။ အချစ်သဘော၊ သဘာဝ၊ အကြောင်းအကျိုး၊ အကောင်း



အဆိုးတို့ကို စကားပုံများမှနေ၍ သိထားက ကောင်းလှပေတယ်။

သင့်ဘဝတွင် ဘယ်အချိန်ဘယ်ကာလ၌ ပေါ်ပေါက်လာ မည်မသိသော အချစ်ရေးကို ဆုံးဖြတ်နိုင်ရန် စာသိဖြင့် ရှင်သန် ထားပါလေ။

- အချစ်ကို ရှိသေရတယ်။
- အချစ်ကို လေးစားရတယ်။
- အချစ်ကို မြတ်နိုးရတယ်။
- ဤကမ္ဘာလောကသည် အချစ်ဖြင့်သာတည်ဆောက်ထား တယ်။
- အချစ်ကို ပေါ့ပေါ့ဆဆ၊ မထီမဲ့မြင်မပြုပါလေနှင့်။
- လောကီလူ့ဘဝ၌ အချစ်ကို မလေးစားသူများမှာ ဘေး ဒုက္ခများ ကွေ့တတ်ကြလေတယ်။ သင့်ကြောင့် အချစ်မီး မလောင်ပါစေနှင့်။
- လူပျို အပျိုတို့ အချစ်ဖြင့် ဘဝအဓိပ္ပာယ်သည် ဖြစ်ထွန်း တည်ရှိကြပါစေ။

သုတေသီ ဘုန်းမြင့်သွေး

www.burmeseclassic.com

www.burmeseclassic.com

# အချစ်စစ်၊ အချစ်မှန်စကားပုံများ

* အချစ်စစ်၊ အချစ်မှန်ဆိုတာ ဘယ်တော့မှ ဟောင်းနွမ်းသွားခြင်း မရှိပါဘူး။

(အီတာလျံ စကားပုံ)

♥

* ဖြောင့်မတ်မှန်ကန်စွာ ချစ်တတ်သူဟာ ဖြည်းညင်း ညင်သာစွာ မေ့ပျောက်တတ်ပါတယ်။

(စပင်းနစ်ရှ် စကားပုံ)

♥

* အချစ်စစ်သည် ဘဝ၏ ယုံကြည်မှုဖြစ်သော်လည်း တစ်ခါတစ်ရံတွင် ၎င်းသည် သောကလွှမ်းချက်များကြားမှ ထွက်ပေါ်လာရတယ်။

(စကော့ စကားပုံ)

www.burmeseclassic.com

www.burmeseclassic.com



* အချစ်ဆိုက်ရောက်လာလျှင် သွေးချင်းတို့မလို။

(ဆွဒန် စကားပုံ)

♥

* လူငယ်၏အချစ်သည် ငွေပန်းပုံစုလေးများနှင့်တူသော်လည်း အရွယ်ရောက်သူ၏အချစ်သည် ရွှေပန်းပွင့်လေးများနှင့်တူတယ်။

(ဂျပန် စကားပုံ)

♥

* သင့်အမှိုက်များကို သင့်အချစ်ရှိရာ ပစ်လိုက်ပါ။

(အိုင်းရစ် စကားပုံ)

♥

* အချစ်ကို သိုဝှက်ခြင်းဖြင့် ဝှက်၍မရပါ။

(အိန္ဒိယ စကားပုံ)

♥

* အချစ်ရောဂါနှင့် ရေငတ်မှုသည် ရှက်ရွံ့ရမှုကို မသိပါ။ သို့သော် ယားယံမှုက ၎င်းတို့ထက်ပို၍တာသွားတယ်။

(အိုင်းရစ် စကားပုံ)

♥



* လှပသည့်အရာကို ချစ်ကြသည်မဟုတ်။ ချစ်သည့်အရာသည် လှပခြင်းဖြစ်တယ်။

(ဂျာမန် စကားပုံ)

♥

* အချစ်သည် နှောင်ကြိုးအားလုံး ဖြေလွှတ်ထားသော လားပင် ဖြစ်တယ်။

(မြောက်ကင်မရွန် စကားပုံ)

♥

* နှလုံးသားက စကားမပြောလျှင် မျက်လုံးက ပြောလိမ့်မယ်။

(ဘူလ်ဂေးရီးယား စကားပုံ)

♥

* အချစ် သို့မဟုတ် အမုန်းခံရသူသည် အဝေးမှ လှမ်းကြည့်ခံရသူသာ ဖြစ်တယ်။

(ဝေလ စကားပုံ)

♥

* ချစ်မိတဲ့လူတစ်ယောက်ဟာ ပျော်ရွှင်မှုရဲ့ နိဂုံးအဆုံးသို့ရောက် လေတော့တယ်။

(ဂျပန် စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com



* အချစ်နှင့် စစ်ပွဲတို့၌ အချိန်ကို လုံးဝ အကုန်မခံသင့်။

(အမေရိကန် စကားပုံ)

♥

* အချစ်ရယ်၊ အမဲလိုက်ခြင်းရယ်ဆိုတာ စချင်တဲ့အချိန် စတင် နိုင်ပြီး၊ ရပ်ချင်တဲ့အချိန် ရပ်လို့ရပါတယ်။

(စပင်းနစ်ရှ် စကားပုံ)

♥

* အချစ်တွေ များများရှိနေပြီဆိုလျှင် အများအားဖြင့် လွတ်လပ်မှုမှာ နည်းနည်းသာ ရှိတတ်ပါတယ်။

(စပင်းနစ်ရှ် စကားပုံ)

♥

* ငရဲပြည်ပင် ဖြစ်နေလင့်ကစား လူတိုင်းသည် မိမိတိုင်းပြည်ကို ချစ်ကြတယ်။

(ပါရှား စကားပုံ)

♥

* မချစ်မိသောလူတွေဟာ ကြီးမားသော၊ ဝမ်းသာကြည်နူးမှုများကို ခံစားရဖို့ ခဲယဉ်းတယ်။ ချစ်မိသော သူများကတော့ ကြီးမားသော ပူဆွေးမှုများ ကြုံတွေ့ရဖို့ များပါတယ်။

(ပြင်သစ် စကားပုံ)

♥



* အခြားသူများအား အလွယ်တကူဖြင့် ခွင့်လွှတ်ပါ။ သို့သော် သင့်ကိုယ်သင် ဘယ်တော့မှ ခွင့်မလွှတ်ပါနှင့်။

(ပိုလန် စကားပုံ)

♥

* အချစ်သည် လုံးဝ အရေးပါပြီး၊ ယင်းကိုယ်တိုင်၏ ဆုလာဘ် ဖြစ်တယ်။

(တမီလ် စကားပုံ)

♥

* ချစ်ခံထားရသူကို တိုက်တွန်းရလွယ်တယ်။

(ဝေလ စကားပုံ)

♥

* လူတိုင်း လူတိုင်း၏ မျက်လုံးတို့သည် သူ့ချစ်သူအပေါ် တွင်သာ ရှိသည်။

(ဝေလ စကားပုံ)

♥

* ကျွန်ုပ်တို့ စတေးမှုအတိုင်းအတာသည် ကျွန်ုပ်တို့အချစ်၏ အတိုင်းအတာပင် ဖြစ်တယ်။

(အင်္ဂလိပ် စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com



* အချစ်နှင့်အမုန်းသည် သွေးချင်းများပင်ဖြစ်တယ်။

(ဂျာမန် စကားပုံ)

* အချစ်သည် ပင်လယ်မျော်နှင့်တူတယ်။ ၎င်းကို တွန်းထုတ်လိုက်လျှင်ပင် ပြန်မလာအောင် ဟန့်တားမှု မပြုနိုင်ပါ။

(မြောက်ကင်မရွန် စကားပုံ)

* မျက်လုံးများသည် နှလုံးသားအတွင်းသို့ ရှုကြည့်သော ပြတင်းပေါက်များပင် ဖြစ်တယ်။

(ဂျာမန် စကားပုံ)

* လူ၏အသည်းနှလုံးသည် ကျောက်ခဲထက်မာတယ်။

(ဘူလ်ဂေးရီးယား စကားပုံ)

* ကျွန်ုပ်တို့ ချစ်မြတ်နိုးသည့် အရာကို ရရှိနိုင်ခြင်း မရှိပါလျှင် ရရှိထားသော အရာကိုပင် မလွှဲမသွေ ချစ်ရမယ်။

(ပြင်သစ် စကားပုံ)



* အချစ်နှင့် ရည်မှန်းချက်သည် ပြိုင်ဘက်ကို သည်းမခံပါ။

(ပြင်သစ် စကားပုံ)

* အချစ်သည် တဲအိမ်ငယ်တို့ကို အိမ်တော်ကြီး ဖြစ်စေတယ်။ ကောက်ရိုးကို ပိုးဖဲကြိုးများ ဖြစ်စေတယ်။

(အက်စ်တိုနီယန်း)

* သစ်ပင်ကို ချစ်သူသည် သစ်ကိုင်းကိုလည်း ချစ်တယ်။

(အင်္ဂလိပ် စကားပုံ)

* အချစ်နှင့် နှာချေးမှ လွတ်ကင်းသူ နည်းပါးတယ်။

(တရုတ် စကားပုံ)

* ရွှေမိုးရွာလျှင်ပင် ချစ်သူတစ်ယောက်သည် မည်သည့်အခါမှာမှ ချမ်းသာကြွယ်ဝလာမည် မဟုတ်ပါ။

(ဒတ်ချ် စကားပုံ)

* အချစ်နှင့်စိတ်ရှည်မှု၊ ယူဇနာပေါင်း တစ်ထောင် ခြားနားတယ်။

(ပါရှင်း စကားပုံ)

www.burmeseclassic.com

www.burmeseclassic.com



* ချစ်သူတို့သည် ရူးမိုက်သူများဖြစ်တယ်။ ချစ်ပြီး ခွာသွားသူတို့သည် အလွန်တော်သူများပင် ဖြစ်တယ်။
နွားသိုးတစ်ကောင်မှုလွဲ၍ လည်ပင်းကြိုးကွင်းစွပ်ခံလျက် မည်သူမှနေပါအုံး။

(ဟိန္ဒူ စကားပုံ)

♥

* အချစ်အေးစက်လာသောအခါတွင် ချို့ယွင်းချက်များ နွမ်းလျလာတယ်။

(ချက် စကားပုံ)

♥

* ရည်းစားစာများရေးသူသည် ပိန်လာပြီး၊ ရည်းစားစာများ သယ်ယူပို့ဆောင်ပေးသူသည် ဝဖြိုးလာတယ်။

(ဒတ်ချ် စကားပုံ)

♥

* အချစ်ဟောင်းသည် မည်သည့်အခါမှ သံချေးမတက်။

(ဒိန်းမတ် စကားပုံ)

♥



* အတုံ့အပြန်မခံရသော အချစ်သည် အဖြေကင်းမဲ့သော မေးခွန်းနှင့် တူတယ်။

(ဂျာမန် စကားပုံ)

♥

* အချစ်သည် လူမျိုးရေးခွဲခြားမှုကို ဟားတိုက်တယ်။
သင့်အချစ်ကို ဟိန္ဒူမယားနှင့် တူပါစေ။
ရှင်ရာတွင် သင်နှင့်အတူ၊ သေရာတွင်လည်း သင်နှင့် အတူတူ။

(အိန္ဒိယ စကားပုံ)

♥

* ပေါင်မုန့်ပေါ် သုတ်ထားသော အချစ်နှင့် ပေါင်မုန့်ထောပတ် သုတ်သည် များစွာ ကွာခြားတယ်။

(ဂျာမန် စကားပုံ)

♥

* သင့်အချစ်အား သင့်မယားကိုပေးပြီး သင့်လျှို့ဝှက်ချက်အား သင့်မိခင်ကို ပေးပါ။

(အိုင်းရစ် စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com



* ချစ်နေသူအတွက် မင်စွန်းကွက်တိုင်းသည် ဗီးနပ်စ် အလှဘုရားမ အသွင်ပင် ဖြစ်တယ်။

(ဂျာမန် စကားပုံ)

♥

* ယောက်ျားသည်. . .
သူ့ရည်းစားကို အများဆုံး
သူ့ဇနီးကို အကောင်းဆုံး
သူ့မိခင်ကို အကြာဆုံး ချစ်တယ်။

(အိုင်းရစ် စကားပုံ)

♥

* ကော်ဖီနှင့်အချစ်သည် ပူနွေးနေတုန်းမှာ အကောင်းဆုံး ဖြစ်တယ်။

(ဂျာမန် စကားပုံ)

♥

* အချစ်သည် အနီရောင်အတွင်းခံအကျီတို့နှင့်အတူ ပျံသန်းတယ်။

(ဂျပန် စကားပုံ)

♥



* အချစ်သည် တစ်ခဏမျှသာ ရှင်သန်သော်လည်း၊ မုန်းတီးမှု ကာလရှည်စွာ ရှင်သန်တယ်။

(အိုင်းရစ် စကားပုံ)

♥

* ချစ်သူမှာ ဝက်ခြံများ မရှိပါ။

(ကင်ညာ စကားပုံ)

♥

* နောက်ထပ်အချစ်အတွက် ထက်သန်လွန်းနေခြင်းသည် ရှိပြီးဖြစ်သော အချစ်ကို ပေါ့စေတယ်။

(မာလက်ဂါစီ)

♥

* ချစ်သူ၏ မျက်ဝန်းတွင် ကျောက်ပေါက်ရာတို့သည် ပါးချိုင့်လေး များနှင့်တူတယ်။

(ဂျပန် စကားပုံ)

♥

* သင် မည်သူ့ကိုချစ်သည်ကို ကျွန်ုပ်အား ပြောကြားပါ။ ဘယ်လို လူစားလဲဆိုတာကို ကျွန်ုပ်ပြောပြမယ်။

(နီဂရိုး စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com



* ဝေးဝေးချစ်နေမှုသည် နွေးထွေးမှုကို အရှည်အကြာမြင့်ဆုံး ထိန်းသိမ်းပေးသည်။

(ဂျာမန် စကားပုံ)

♥

* မိုးသက်လာနေသည်ကိုပင် သင့် မသိတတ်လောက်အောင် အလွန်အမင်း မချစ်ပါနှင့်။

(မာလက်ဂါစီ)

♥

* အချစ်ကိုလိုက်လျှင် အချစ်ကပြေးမယ်။
အချစ်ကပြေးလျှင် အချစ်ကလိုက်မယ်။

(စကော့ စကားပုံ)

♥

* နှလုံးသားထဲရှိ မာန်မာနကို အမြစ်မကျန် ဆွဲနှုတ်တာထက် တောင်တစ်လုံးကိုမပြီး အပ်ထိပ်ပေါ်တင်တာကပိုလွယ်တယ်။

(နိုင်ငံတကာ စကားပုံ)

♥

* မည်သူ့ရည်းစားမှ အကျည်းမတန်ပါ။

(စကော့ စကားပုံ)

♥



* မြားနတ်မောင်တွင် မျက်စိမရှိပါ။

(တမီလ် စကားပုံ)

♥

* အမဲလိုက်ရာနှင့် ချစ်ရာတွင်၊ ဘယ်နေရာတွင် စတင်မှန်း သိနိုင်ပါသော်လည်း မည်သည့်နေရာတွင် အဆုံးသတ်မည်မှန်း ဘယ်သူမှ မသိနိုင်ပါ။

(ဂျာမန် စကားပုံ)

♥

* အချစ်သည် အိမ်ခေါင်မိုးထက်မှ ကျီးတစ်ကောင်သို့ပင် လှမ်းရောက်သည်။

(ဂျပန် စကားပုံ)

♥

* မိန်းမသားသည် ပထမအချစ်တွင် ချစ်သူကို ချစ်သော်လည်း ကျန်အချစ်များတွင် အချစ်ကိုသာချစ်တယ်။

(ပြင်သစ် စကားပုံ)

♥

* လူတွင် အလှတစ်ခုသာ ရှိတယ်။
အဝတ်ကာန်ဆာတွင်မူ အလှ(တစ်ထောင်)

www.burmeseclassic.com

www.burmeseclassic.com



ရတနာများတွင် အလှ(တစ်သိန်း)
အချစ်တွင်မူ အလှ(တစ်သန်း)ရှိတယ်။

(ဟိန္ဒူ စကားပုံ)

♥

* ဆာလောင်မွတ်သိပ်မှုသည် အချစ်ထက်ပင် အင်အားကြီးတယ်။

(ဂျာမန် စကားပုံ)

♥

* အချစ်နှင့်ဆင်းရဲခြင်းထက်၊ အမုန်းနှင့်ချမ်းသာမှုကို ပို၍လွယ်ကူစွာ ဖုံးကွယ်နိုင်တယ်။

(ဒိန်းမတ် စကားပုံ)

♥

* အချစ်ရှိပါလျှင်
မဖြစ်နိုင်ခြေများသည်
ဖြစ်နိုင်မှုများ ဖြစ်လာမယ်။

(တမီလ် စကားပုံ)

♥



* စကားလုံးတစ်လုံးဟာ
အမျက်ဒေါသ
သို့မဟုတ်
ချစ်မေတ္တာကို နှိုးဆွတယ်။

(ကက်ရှ်မီးယား)

♥

* နှလုံးသားမှလာသောအရာသည် နှလုံးသားသို့သွားသည်။

(အင်္ဂလိပ် စကားပုံ)

♥

* နှလုံးသားနှင့် အနီးဆုံးအရာသည် ပါးစပ်နှင့် အနီးဆုံးပင်ဖြစ် တယ်။

(အိုင်းရစ် စကားပုံ)

♥

* ဘဂေချည်မျှင်တန်းကို အချစ်နှင့် အတွေးပုတီးစေ့တို့ဖြင့် သီထားသူသည် အခြားမည်သည့်ပုတီးကိုမျှ မလိုပါ။

(ပါရှား စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com



* ယပ်ခတ်ပေးရသော မီးနှင့်၊ ဖြစ်ညှစ်ထုတ်ရသောအချစ်၊ မှည့် သည့်အခါမှ အကောင်းမဖြစ်ပါ။

(စကော့ စကားပုံ)

♥

* အချစ်ဝေစုထက် စိုးရိမ်ကြောက်လန့်မှုဝေစုက ပိုကောင်းတယ်။

(ဝေလ စကားပုံ)

♥

* အချစ်တစ်ခုတွင် သောကကစ်ထောင်ရှိ။

(ပန်ချာဘီ စကားပုံ)

♥

* အချစ်သည်
ခုနစ်စက္ကန့် တည်တံ့တယ်။
ရသာရုံက ခုနစ်မိနစ်ခံတယ်။
စိတ်မချမ်းသာမှုက ဘဝတစ်လျှောက်လုံး ခိုင်မြဲတတ်တယ်။

(အာရာဗစ် စကားပုံ)

♥



* မိမိကိုယ်မိမိ အချစ်နှင့် ထိတွေ့မှုရှိစေသူသည် မိမိကိုယ် မိမိ ပူဆွေးသောကနှင့် ထိတွေ့မှုရှိစေသူပင် ဖြစ်တယ်။

(ဘာရာဇီးလ် စကားပုံ)

♥

* အချစ်သည် ကောင်းသောမျက်စိကိုပင် မှေးစေတယ်။

(အင်္ဂလိပ် စကားပုံ)

♥

* အချစ်ခံရသူဖြစ်လိုလျှင် ချစ်ပါ။

(အက်စ်တိုနီယန်း စကားပုံ)

♥

* အချစ်သည်
ငွေကြေးရှိသမျှ သက်တမ်းရှိတယ်။
သို့သော် . . . .
ငွေကြေးသည် စွန့်စားခန်း ထွက်ရှာလေ့ရှိတယ်။

(ပြင်သစ် စကားပုံ)

♥

* ခပ်သုတ်သုတ် လက်ထပ်လိုက်လျှင် ခပ်အေးအေး [illegible] ရနေတယ်။

(အင်္ဂလိပ် စကားပုံ)

www.burmeseclassic.com

www.burmeseclassic.com



* အချစ်ကို တားမြစ်ပိတ်ပင်သူသည် အချစ်ကို ခွာတတ်ပေးသူပင် ဖြစ်တယ်။

(ပြင်သစ် စကားပုံ)

♥

* သင့်ကို ချစ်မြတ်နိုးသူသည် သင့်ကို ကျောက်တိုင်ကျောက်တုံးထက်မှ တည်ဆောက်မှု ပြုစေတယ်။

(ဂန်ဂါ စကားပုံ)

♥

* အသည်းနှလုံးသည် ဖိမ်ညာရှိုး မရှိပါ။

(ဒတ်ချ် စကားပုံ)

♥

* အထီးကျန်ဖြစ်နေရသည်ထက်စာလျှင် စကားများနေရသည်က သာ၍ကောင်းတယ်။

(အိုင်းရစ် စကားပုံ)

♥

* ပါးစပ်သည် အသည်းနှလုံး၏ စကားပြန်ဖြစ်တယ်။

(အက်စ်တိုနီယန်း စကားပုံ)

♥



* အကြီးမြတ်ဆုံးသော အတွေးများသည် နှလုံးသားမှလာတယ်။

(ပြင်သစ် စကားပုံ)

♥

* မိန်းမပျိုကလေးများသည် လက်မထပ်မချင်း သိမ်မွေ့နူးညံ့စွာနေသင့်တယ်။

(စကော့ စကားပုံ)

♥

* အချစ်အတွက်နဲ့ လက်ထပ်တဲ့လူဟာ ဝမ်းနည်းကြေကွဲစွာနေထိုင် ရတတ်ပါတယ်။

(စပင်းနစ်ရှ် စကားပုံ)

♥

* သင့်ထက်မြင့်သူကို လက်ထပ်လိုက်သည့်အခါ သင်သည် သခင်တစ်ဦး ရရှိသွားတော့တယ်။

(စကော့ စကားပုံ)

♥

* အိမ်ထောင်ရေးဆိုတာ ဖုံးထားတဲ့ဟင်းလျာတစ်ခွက်။

( x x x )

♥

www.burmeseclassic.com

www.burmeseclassic.com



* မိန်းမတစ်ယောက်အနေနဲ့ ကိုယ်ကချစ်ဖို့ထက်၊ ကိုယ့်ကို ချစ်တဲ့သူနဲ့ လက်ထပ်တာက ပိုပြီးကောင်းပါတယ်။

(အာရပ် စကားပုံ)

♥

* တစ်ကြိမ်တစ်ခါ လက်ထပ်တာက လူ့တာဝန်၊ နှစ်ကြိမ် နှစ်ခါကျတော့ မိုက်မဲမှု၊ သုံးကြိမ်သုံးခါကျတော့ ရူးတာပဲ။

(ဒတ်ချ် စကားပုံ)

♥

* သင်၏ဇနီးကို မျက်လုံးများနှင့် မအုပ်ချုပ်ပါနှင့်။ နားများနှင့် အုပ်ချုပ်ပါ။

(အင်္ဂလိပ်နိုင်ငံ စကားပုံ)

♥

* သင်သည် သင်နှင့်တွဲနေသူအတိုင်း ဖြစ်တယ်။

(ဘော့ဇနီးယား စကားပုံ)

♥

* အိုးတစ်အိုးသည် အခြားအိုးတစ်အိုးနှင့် ရိုက်မိတဲ့အခါ၌ နှစ်အိုး လုံးကွဲတယ်။

(ရိုမေးနီးယား စကားပုံ)

♥



* အချစ်သည် အိမ်ထောင်ပြုသောအခါတွင် အသီးအဖြစ် ပြောင်းလဲသွားသော ပန်းတစ်ပွင့်ပင် ဖြစ်တယ်။

(ဖင်လန် စကားပုံ)

♥

* အချစ်အတွက် လက်ထပ်ရခြင်းသည် ကံမကောင်းခြင်းပင် ဖြစ်တယ်။

(အိုင်းရစ် စကားပုံ)

♥

* အချစ်မီးတောက်မီးလျှံ ငြိမ်းသွားသောအခါတွင် မီးကြွင်း မီးစတို့သာ တွေ့ရတယ်။

(ဂျာမန် စကားပုံ)

♥

* အချိန်ကာလသည် ခင်မင်မှုကို ခိုင်မာစေပြီး အချစ်ကို အားပျော့စေတယ်။

(ဟီဘရူး စကားပုံ)

♥

* အသည်းနှလုံးဖြင့် အချစ်ခံရမှုသည် ကုထုံးတစ်ရပ်ပင် မည် တယ်။

(ဂျာမန် စကားပုံ)

www.burmeseclassic.com

www.burmeseclassic.com



* ချစ်သူသည် သူ့အချစ်လမ်းသွယ်မှာ အပြောင်ရိုတ်ခံရတယ်။

(ဟိန္ဒူစတန်နီ စကားပုံ)

♥

* မိန်းမသား၏အချစ်ဦးသည် ဒုတိယအချစ်သာ ဖြစ်တယ်။

(အိုင်းရစ် စကားပုံ)

♥

* သင့်ချစ်သူကို သင်ချစ်ပါလျှင် သူ့မအတွေးများကိုလည်း သင် ချစ်သင့်တယ်။

(အိန္ဒိယ စကားပုံ)

♥

# အချစ်စကား – အချစ်တရား

* အိမ်ထောင်မကျခင် . . .
မျက်လုံးကျယ်ကျယ် ဖွင့်ထားပါ။
အိမ်ထောင်ကျပြီးနောက် တစ်ဝက်မှိတ်ထားပါ။

(အမေရိကန် စကားပုံ)

♥

* အချစ်အတွက် လက်ထပ်ပြီး၊ ငွေအတွက် အလုပ်လုပ်ပါ။

(စကော စကာ

♥

* အချစ်အတွက် အိမ်ထောင်ပြုခြင်းသည် စွန့်စားခြင်း
ဖြစ်တယ်။ သို့သော် ယင်းကို ဘုရားသခင်က ကောင်း
ပေးတယ်။

(အမေရိကန် စကားပုံ)

www.burmeseclassic.com

www.burmeseclassic.com



* လုံးဝဥူသုံငြင်းပယ်လိုက်မှုထက်၊ ထက်ဝက်က ပို၍ ကောင်းတယ်။

(အိုင်းရစ် စကားပုံ)

♥

* လူသားနှလုံးသားထဲမှာထက် ပုန်းခိုစရာနေရာ ပိုရှိရာအရပ် မရှိပါ။

(ဂျာမန် စကားပုံ)

♥

* ဆိုဆုံးမမှုကင်းမဲ့သော အချစ်သည် အချစ်မဟုတ်ပါ။

(ဟီးဘရူး စကားပုံ)

♥

* အချစ်(သို့မဟုတ်)သင်၏ ဘောင်းဘီထဲတွင် ဝင်၍ လောင်နေသော မီးပွားကလေးကို ဖုံးကွယ်ရန် မလွယ်ကူလှပါ။

(ဆွီဒင် စကားပုံ)

♥

* အရက်နှင့်အစားအသောက်ရှိလျှင် မိတ်ဆွေရှိမယ်။ ထင်းနှင့် ဆန်ရှိမှ လင်မယားသင့်မြတ်မယ်။

(ဘရွတ် စကားပုံ)

♥



* ယောက်ျားများ အိမ်မှထွက်ပြေးရခြင်း၏ အကြောင်းရင်းမှာ အခြားမဟုတ်၊ အိမ်က မိန်းမက နားပူနားဆာလုပ်သောကြောင့် ဖြစ်လေတယ်။

( x x x )

♥

* ရှုတ်ချခံရသော မိန်းမ၏ဒေါသသည် ငရဲမီးထက် ပြင်းထန်တယ်။

(အင်္ဂလိပ် စကားပုံ)

♥

* ဂရုစိုက်မှုကင်းသော လင်ယောက်ျား၏ဇနီးဖြစ်နေရခြင်းသည် မုဆိုးမဖြစ်နေရခြင်းနှင့် ဘာမျှ မခြားတော့။

(ဟန်ဂေရီ စကားပုံ)

♥

* အိမ်ထောင်သည်ဘဝသည် ခရီးအဆုံးမဟုတ်၊ ခရီးအစသာ။

(အနောက်တိုင်း စကားပုံ)

♥

* အချစ်နှင့်စစ်တွင် မတရားမှုဟူသည် မရှိ။

(အက်ဖ်အီဆင်ဒီလီ)

♥

www.burmeseclassic.com

www.burmeseclassic.com



* ဘဝကို မစူးစမ်း၊ မလေ့လာဘဲ အသက်ရှင်နေခြင်းသည် အချည်းနှီးသော နေခြင်းဖြစ်တယ်။

(အာရပ် စကားပုံ)

♥

* မိန်းမနောက်မလိုက်သော ယောက်ျားများသည် ယောက်ျားများနောက်လိုက်သော မိန်းမတို့၏ ပြဿနာဒဏ်ကို ခံရမည်သာ ဖြစ်တယ်။

( × × × )

♥

* ငွေကိုမက်၍ လက်ထပ်သောသူသည် ရသောငွေနှင့် တန်အောင် ဒုက္ခတွေ့ရတတ်တယ်။

(ရှေးလူကြီးစကား)

♥

* ကတုတ်ကြီးတစ်ခုကို တည်ဆောက်ရာ၌ စစ်သားပေါင်းတစ်ရာကျော်မျှ လိုအပ်သော်လည်း အိမ်ထောင်တစ်ဆောင်ကို တည်ဆောက်ရာတွင်ကား မိန်းမတစ်ယောက်သာ လိုပေတယ်။

(တရုတ် စကားပုံ)

♥



* အချစ်ကင်းသော အိမ်ထောင်ရေးသည် အနှစ်ကင်းသော ကျီးအာသီးနှင့် တူလေတယ်။

(ပါတင်တန်)

♥

* ငယ်ရွယ်သော ချစ်သူတို့သည် (အိမ်ထောင်ပြုရန်) တောင့်တကြပြီး အိမ်ထောင်ရှင်တို့သည် နောင်တရတတ်ကြတယ်။

(ဟိန္ဒူ စကားပုံ)

♥

* ချစ်သူ အရူး။

(လက်တင် စကားပုံ)

♥

* မျက်လုံးလေးလုံး ဆုံသောအခါ၊ နှလုံးသားထဲတွင် အချစ်ရောက်လာတယ်။

(ဟင်ဒီ စကားပုံ)

♥

* အချစ်ဟောင်းနှင့် မီးစ၊ မီးကျွင်းတို့ မကြာမတင်မှာပင် မီးစွဲလွယ်လေ့ရှိတယ်။

(ပြင်သစ် စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com



* ချစ်သူထံသွားသော လမ်းခရီးသည် ဆူးလွှမ်းမနေပါ။

(ကမ်မရွန် စကားပုံ)

♥

* အချစ်ဟောင်းသည် သံချေးတက်ရိုးမရှိပါ။ သို့သော် အချစ်သစ်သည် နတ်ဆိုးကိုပင် လည်မျိုညစ်စွမ်းစေတယ်။

(ချက် စကားပုံ)

♥

* အချစ်သည် အလယ်အလွတ်လမ်းစဉ်ကို ပို၍ နှစ်သက်တယ်။

(ဒိန်းမတ် စကားပုံ)

♥

* အချစ်သည် မျက်စိကန်းမနေ။ မမြင်သည့်သာ ရှိတယ်။

(ဂျာမန် စကားပုံ)

♥

* မကောင်းသော မိတ်ဆွေနှင့်နေရခြင်းထက် တစ်ဦးတည်းနေရခြင်းက သာ၍ကောင်းတယ်။

(ပိုလန် စကားပုံ)

♥



* လူသားနှလုံးသားလောက် ပြောင်းလဲလွယ်သော ဇာတ်ခုံ အလျှင်းမရှိ။

(ဂျာမန် စကားပုံ)

♥

* ပါးစပ်သည် အသည်းနှလုံး၏ အတိုင်းအတာပင် ဖြစ်တယ်။

(အက်စ်တိုနီယန်း စကားပုံ)

♥

* အချစ်ခံရခြင်းသည် ဝန်ပိုးနောင့်ယှက်ခံရခြင်းပင် ဖြစ်တယ်။

(ဂျပန် စကားပုံ)

♥

* ယုံကြည်မှုသည် အရာရာကို ရင်ဆိုင်ရပြီး၊ အချစ်သည် အရာရာကို ခံနိုင်ရည် ရှိတယ်။

(နော်ဂရီး စကားပုံ)

♥

* အချစ်ကိုလိုက်လျှင်
အချစ်က ပြေးမယ်။
အချစ်ကပြေးလျှင် အချစ်ကလိုက်မယ်။

(စကော စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com



* ရည်းစားစာများ နေ့စွဲထိုးရန် မလိုပါ။

(ဂျာမန် စကားပုံ)

♥

* အချစ်၏ ဒုက္ခသည် အခြားအားလုံးသော ပျော်ရွှင်မှုများ ထက်ပို၍ ချိုသာပါ၏။

စကားပုံမဟုတ်(ဂျွန်ဒရိုင်းဒင်း)

♥

* မဟာအမုန်းဖြင့် အဆုံးမသတ်သော၊ မဟာအချစ် အလျှင်း မရှိခဲ့ဖူးပါ။

(အိုင်းရစ် စကားပုံ)

♥

* ခင်မင်မှုက လျှို့ဝှက်ချက်ကို ယုံကြိုးအပ်နှံတယ်။ အချစ်က ယင်းကို ဖွင့်ဟဖော်ကျူးပစ်တယ်။

(ဟီးဘရူး စကားပုံ)

♥

* အချစ်သည် လှပသော ဥယျာဉ်ဖြစ်ပြီး အိမ်ထောင်သည် ခရာလွင်ပြင်တစ်ခုဖြစ်တယ်။

(ဖင်လန် စကားပုံ)

♥



* ချစ်သူအတွက် ဘဂ္ဂဒက်မြို့သည် မဝေးပါ။

(တူရကီ စကားပုံ)

♥

* အချစ်နှင့် ပေးကမ်းခဲ့လျှင် လက်တစ်ဆုပ်စာမျှသည်ပင် လောက်တယ်။

(တလီဂူ)

♥

* အချစ်သည် မြည်းတို့ကိုပင် ကစေတတ်တယ်။

(ပြင်သစ် စကားပုံ)

♥

* မနာလိုစိတ်သည် အချစ်နှင့်အတူ မွေးဖွားလာပေတယ်။ သို့သော် အချစ်နှင့်တူကာ သေ၍မသွားပေ။ မနာလိုခြင်းကား ချိုမြသော အချစ်၏ မိတ်ဖက်ပင်တည်း။

(လာရှီ စကားပုံ)

♥

* ဘဝဆိုတာ . . . အချစ်နှင့်ဖနိုးမယားပင် ဖြစ်တယ်။

(ဂျပန် စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com



* ငွေကုန်လျှင် အချစ်ကုန်တယ်။

(နီဂရိုး စကားပုံ)

♥

* သက်ပြင်းရှိုက်သော နှလုံးသားကွဲရိုး မရှိပါ။

(အင်္ဂလိပ် စကားပုံ)

♥

* ချစ်သူသည် နွားနို့။
စေ့စပ်ထားသူသည် ထောပတ်။
ဇနီးသည်သည် ပုံစံသွင်းပြီး ဒိန်ခဲဖြစ်တယ်။

(ဂျာမန် စကားပုံ)

♥

* အနမ်းမခံရဖူးသူ၊ အကြင်နာမရှိတတ်ဘူး။

(အင်္ဂလိပ် စကားပုံ)

♥

* လူသည် ချစ်သောအခါ ပြေဖြစ်ပြီး၊ အိမ်ထောင်ကျသော အခါ ဒီဇင်ဘာဖြစ်တယ်။

(စကော့ စကားပုံ)

♥



* အချစ်စစ်နှင့် အချစ်တု ခွဲခြား၍သိနိုင်သော အချိန်မှာ၊ မုန်းသော အချိန်ကျမှသာ သိနိုင်ပေလိမ့်မယ်။

(ရှိတ်စပီးယား)

♥

* နတ်ဘုရားတို့ အချစ်ကာလတည်းကပင် မပြောင်းလွဲသော အရာများမှာ ရေစီးဆင်းမှုနှင့် အချစ်၏ သဘာဝပင် ဖြစ်တယ်။

(ဂျပန် စကားပုံ)

♥

* ခင်မင်မှုကို ခိုင်မာစေသော အချိန်သည် အချစ်ကိုအားပျော့ စေတတ်တယ်။

(ပါရှင်း စကားပုံ)

♥

* တစ်ခါတစ်ရံ အချစ်သည် ချို့ယွင်းချက်များကို ဖုံးကွယ်ပေး တယ်။

(အာရာဗစ် စကားပုံ)

♥

* အချစ်တစ်ခုတည်းသာလျှင် အပေါင်းအဖော်များကို သည်း မခံပါ။

(ဘူလ်ဂေးရီးယား)

♥

www.burmeseclassic.com

www.burmeseclassic.com



* အချစ်တစ်ပဲနိမ့်မျှသည် ဥပဒေတစ်ပေါင်မျှနှင့် ထိုက်တန်တယ်။

(အင်္ဂလိပ် စကားပုံ)

♥

* အချစ်အိုသည် သံချေးတက်ရိုးမရှိပါ။

(အက်စ်တိုရီးယား)

♥

* အသက်ရှင်နေသရွေ့ မျှော်လင့်ချက်ရှိနေမည်သာဖြစ်တယ်။

(အာရပ် စကားပုံ)

♥

* ဘူးခြောက်ပြည့်အချစ်ထက် နှမ်းစေ့လောက် သွေးရင်းက ပို၍ ကောင်းတယ်။

(ဟိန္ဒူ စကားပုံ)

♥

* ယပ်ခတ်ပေးရသောမီးနှင့် ဖြစ်ညှစ်ထုတ်ရသော အချစ်၊ မည်သည့်အခါမှ အကောင်းမဖြစ်ပါ။

(စကော့ စကားပုံ)

♥



* မာလ်ဘာယ်ရှိဆီးသီးတမျှ သင် မည်းနက်နေပစေ၊ သင့်ကို ချစ်သူအတွက်မူ သင်သည် ဖြူဖွေး(လှပ)နေလိမ့်မယ်။

(ဘရာဇီးလ် စကားပုံ)

♥

* အေးစက်သော ပူတင်းမုန့်သည် အချစ်ကို အနည်ထိုင်သွားစေတယ်။

(အင်္ဂလိပ် စကားပုံ)

♥

* အချစ်ကို ပိုးချည်မျှင်ဖြင့် ဖမ်းယူပါသော်လည်း သင်္ဘော ချည်ကြိုးဖြင့် မောင်းထုတ်ရတယ်။

(အက်စ်တိုရီးယား)

♥

* အချစ်နှင့်ယားယံမှုသည် မည်သည့်နေရာတွင် တွယ်မည်ကို မည်သည့်အခါမှ ထောက်ရှုလေ့မရှိပါ။

(ပြင်သစ် စကားပုံ)

♥

* မည်သူ၏ ချစ်သူမှ အရုပ်မဆိုး။

(စကော့ စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com



* မနာလိုကင်းမဲ့နေလျှင် အချစ်မဟုတ်ပါ။

(ပြင်သစ် စကားပုံ)

♥

* သစ်ပင်စိုက်ပျိုးသူသည် သူ့ကိုယ်သူအပြင်၊ တစ်ပါးသူကိုပါ ချစ်သူဖြစ်တယ်။

(အင်္ဂလိပ် စကားပုံ)

♥

* များများချစ်၊ များများရိုက်ပါ။

(အမေရိကန် စကားပုံ)

♥

* ချစ်လိုက်ပါ။ ချစ်လိုက်လျှင် သင့်မှာ လုပ်စရာ အလုပ်အကိုင်တစ်ခု ရှိလာပေလိမ့်မယ်။

(ဂျာမန် စကားပုံ)

♥

* အကြီးမြတ်ဆုံးသော အတွေးများသည် နှလုံးသားမှ လာတယ်။

(ပြင်သစ် စကားပုံ)

♥



* အသည်းနှလုံး ကိန်းဝပ်ရာသို့ ခြေထောက်များ စောစီးစွာ သွားမယ်။

(ဂန်ဒါ စကားပုံ)

♥

* အသည်းနှလုံးမှာလည်း နားများရှိတယ်။

(အက်တိုနီယန်း)

♥

* ချစ်သူပေးသမျှသော ဒုက္ခကို ခံစားရသည်မှာ စပျစ်သီးခြောက်ကလေးမြုံကာ အရသာခံနေရဘိသကဲ့သို့ ချိုမြိန်လှတယ်။

(အီဂျစ် စကားပုံ)

♥

* ညီနောင်အတွက်ဆို၊ ပင်လယ်သို့မျှ– – –
ချစ်သူအတွက်ဆို ပင်လယ်ခုနစ်တန်ဖြတ်သန်း။

(ဘူလ်ဂေးရီးယား စကားပုံ)

♥

* သင့်အမှိုက်ကိုပစ်ရာအရပ်တွင် သင့်အချစ်ကို ပစ်ပါ။

(အင်္ဂလိပ် စကားပုံ)

♥

www.burmeseclassic.com



* ချစ်သူဖြစ်ရသည်ထက် အချစ်ခံရသူ ဖြစ်ရသည်က ပို၍ ကောင်းတယ်။

(အက်တိုနီယန်း)

♥

* အချစ်နှင့်ဒူလာ၊ ဘယ်မှာ အခြေတည်မည်၊ မည်သူမျှ မသိတတ်နိုင်ပါ။

(ပြင်သစ် စကားပုံ)

♥

* အချစ်နှင့် မူးယစ်ခြင်းတို့သည် ပြတင်းပေါက်ပြင်သို့ ရှုကြည့်တယ်။

(ဂျာမန် စကားပုံ)

♥

* ကျွန်ုပ်တို့ အပြုအမူက မဖော်ကျူးသော လျှို့ဝှက်ချက် နှလုံးသားမှာ မရှိပါ။

(ပြင်သစ် စကားပုံ)

♥

* သံသယဝင်လာလျှင် အချစ်သည် မင်းလုလင်မျှသာ အဆင့်ရှိတော့တယ်။

(ချီလီ စကားပုံ)

♥



* ကြိုက်နှစ်သက်ခြင်းသည် ချစ်မြတ်နိုးခြင်း၏ မိခင်ဖြစ်တယ်။

(အင်္ဂလိပ် စကားပုံ)

♥

* အချစ်သည် မျက်စိကန်းမှု၏ အဖော်ဖြစ်တယ်။

(အာရာဗစ် စကားပုံ)

♥

* စွန်ရဲ့ အမဲလိုက်ခွေး။ လက်နက်နှင့်အချစ်တွင် သာယာမှု တစ်ချက်အတွက် ဝေဒနာတစ်ထောင် ခံစားရတယ်။

(ပြင်သစ် စကားပုံ)

♥

* ချစ်နေသူတို့သည် အချိန်ကို အမြဲတစေ သိတယ်။

(ဂျာမန် စကားပုံ)

♥

* မျက်လုံးများနှင့် မျက်လုံးများဆုံပြီးကြားမှ အချစ်အသာ ထွက်ပေါ်လာတယ်။

(ဟီဗြူး စကားပုံ)

♥

* ကျွန်ုပ်တို့ အချစ်ဆုံးကို ကျွန်ုပ်တို့ ပြောဆိုမှု အနည်းဆုံးပင်။

(အင်္ဂလိပ် စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com



* အချစ် . . .
ချောင်းဆိုးမှု . . .
မီးခိုးနှင့် ငွေကြေးကို ကြာကြာဖုံးကွယ်၍မရပါ။

(ပြင်သစ် စကားပုံ)

♥

* အသည်းနှလုံးသည် ဈေးခင်းတစ်ခု ဖြစ်တယ်။

(ဂနိဒါ စကားပုံ)

♥

* မိမိကိုယ်တိုင်၏ နှလုံးသားထက် ပိုကောင်းသောသက်သေ မရှိ။

(ဂျာမန် စကားပုံ)

♥

* နှလုံးသားမှ နှလုံးသားတို့ လမ်းတစ်ခုရှိစမြဲပင်။

(ဟိန္ဒူ စကားပုံ)

♥

* ဤလောကတွင် အချစ်ခံရသူတို့သည် ကောင်းကင်ဘုံတွင်လည်း အချစ်ခံရတယ်။

(ဟင်ဒီ)

♥



* အနီးဆုံးအသည်းနှလုံးကို ချစ်လေ့မရှိတတ်ကြဘူး။

(တရုတ် စကားပုံ)

♥

* အချစ်တွင် စိုးရိမ်ကြောင့်ကြစိတ်များ၊ အပြည့်အဝ အလုပ်များ နေတတ်တယ်။

(အင်္ဂလိပ် စကားပုံ)

♥

* ယောက်ျားတစ်ဦးက မိန်းမတစ်ဦးပေါ်ထားသော မေတ္တာသည် ဆန်းတစ်ခါ၊ ဆုတ်တစ်လှည့် သာသောလနှင့်တူတယ်။

(အာရပ်ဗ် စကားပုံ)

♥

* မနေ့က အချစ်လောက်သေဆုံးနေသောအရာ မရှိပါ။

(ဂျာမန် စကားပုံ)

♥

* ဆင်ခြင်ဉာဏ်လိုက်မမီနိုင်သော အကြောင်းကျိုးတရား၊ နှလုံးသားမှာ ရှိတယ်။

(ပြင်သစ် စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com



* အချစ်ကို မည်သူမျှ ရုတ်ခြည်းမပေးခဲ့သော်လည်း အမုန်းကို ရုတ်ခြည်းပေးကြတယ်။

(စကော့ စကားပုံ)

♥

* မြွတ်နိုးမှု ယစ်ထွေးနေသောသူနှစ်ဦးသည် မန်ကျည်းရွက်တစ်ရွက် ထက်မှာပင် ကိုယ်ခေါင်းဆန့်သာ လဲလျောင်းနိုင်တယ်။ မြတ်နိုးမှု မရှိလျှင်မူ အင်ဖက်ရွက်များသည်ပင် မလုံလောက်ပါ။

(ဘင်္ဂလီ စကားပုံ)

♥

* အသည်းနှလုံးထဲတွင် အချစ်ရှိတယ်။ ဖနောင့်တွင် မြင်းခွာဆွး ရှိတယ်။

(အင်္ဂလိပ် စကားပုံ)

♥

* အချစ်သည် မြောက်မြားစွာသော ကိစ္စရပ်တို့ကို ဆောင်ရွက်နိုင်တယ်။ ငွေသည် အရာရာကို ဆောင်ရွက်နိုင်တယ်။

(ပြင်သစ် စကားပုံ)

♥



* ကောင်းကင်ဘုံနှင့်ငရဲသည် သင့်နှလုံးသားထဲမှာပင် ရှိတယ်။

(ဂျာမန် စကားပုံ)

♥

* အချစ်တစ်ခုတည်းသာလျှင် မြဲမြဲစေတယ်။

(တမီလ် စကားပုံ)

♥

* အားနေသောအသည်းနှလုံးသည် အရာရာတွင် ပွဲတော်ကြီး မြင်လေ့ရှိတယ်။

(ဟိန္ဒူ စကားပုံ)

♥

* ဆုံးရှုံးပြီးမှ တန်ဖိုးကိုသိရသောအရာနှစ်ခုရှိတယ်။ ထိုသည်မှာ နုပျိုခြင်းနှင့် ကျန်းမာခြင်း။

(အာရပ် စကားပုံ)

♥

* ရေရှည်အမြင်ရှိသော အချစ်သက်တမ်းရှည်လေ။

(ဘာရာဖီးလ် စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com



* လူသည် အချစ်ကို စတင်ရန် ရွေးချယ်ခွင့်ရှိပါသော်လည်း အဆုံးသတ်ရန် အခွင့်အာဏာမရှိပါ။

(အင်္ဂလိပ် စကားပုံ)

♥

* အချစ်သည် ချို့ယွင်းချက်များကို ဖုံးကွယ်ပေးတယ်။

(အာရာဗစ် စကားပုံ)

♥

* အချစ်သည် ရုတ်တရက် သေဆုံးမှုမျိုး ဆုံးပါးလေ့မရှိပါ။

(ပြင်သစ် စကားပုံ)

♥

* ကြားကန့်နံရံတစ်ချပ်သည် အချစ်ကို ထိန်းသိမ်းပေးတယ်။

(ဂျာမန် စကားပုံ)

♥

* ရင်ပြည့်နေမှ အချစ်မွေးဖွားလာပြီး လျစ်လျူရှုမှုက ယင်းကို မြှုပ်နှံပစ်တယ်။

(ပါရှင်း စကားပုံ)

♥

* အချစ်နှင့် ဆာလောင်မွတ်သိပ်မှုသည် ကမ္ဘာကို အုပ်စိုးတယ်။

(အင်္ဂလိပ် စကားပုံ)

♥



* သင့်ကိုယ်သင် ချစ်ပါ။ ထိုအခါ သင့်တွင် ပြိုင်ဘက်များ ရှိမှာ မဟုတ်ပါ။

(အက်တို နီယန်း)

♥

* နဖူးစာကို ကောင်းကင်ဘုံမှ ပြုစုလိုက်ကောင်း ပြုစုလိုက်သည် ဖြစ်နိုင်သော်လည်း ဤလောကတွင် ရောင်းဝယ်မှု ပြုတယ်။

(အမေရိကန် စကားပုံ)

♥

* အချစ်နှင့်မီးကို တဖြည်းဖြည်း ကျင့်သားရလေ့ရှိတယ်။

(ပြင်သစ် စကားပုံ)

♥

* အသည်းနှလုံးမှ တိုက်ရိုက်လာသောအရာသည်၊ အသည်း နှလုံးသို့ တိုက်ရိုက်ပေါက်ရောက်တယ်။

(ဂျာမန် စကားပုံ)

♥

* လူတို့သည် တန်ဖိုးမရှိဆုံးသူတို့ကို အချစ်ဆုံးဖြစ်တယ်။

(အင်္ဂလိပ် စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com



* အချစ်စစ်၊ အချစ်မှန်သည် တစ္ဆေနှင့်တူတယ်။ တစ္ဆေအကြောင်းကို လူတိုင်းပြောနေကြသော်လည်း တကယ့်လက်တွေ့ကြုံဖူး၊ ဖြစ်ဖူးသူကား ရှားလှတယ်။

(ပြင်သစ် စကားပုံ)

♥

* ငှက်ခတ်သမားသည် မိမိရင်တွင်းသို့ ခိုအောင်းလာသည့် ငှက်အား သတ်ဖြတ်ခြင်းငှာ မထိုက်ပါ။

(ဂျာမန် စကားပုံ)

♥

* ချစ်လျှင်မက်တတ်
ဖြစ်လျှင်ပျက်တတ်။

(ရှေးဆိုရိုး စကားပုံ)

♥

* တစ်စုံတစ်ရာကို ချစ်ရန်အတွက် မျက်စိကို ကန်းစေ၊ နားကို ပင်းစေ။

(ဟီဘရူး စကားပုံ)

♥

* အချစ်သည် ယင်းကိုယ်တိုင်ဖြစ်စေသော မှုပန်မှုကို ကုသပေးတယ်။

(ဂရိ စကားပုံ)

♥



* မြင်ခြင်းမှသည် ချစ်ခြင်းဖြစ်လာတယ်။

(ဂရိ စကားပုံ)

♥

* ချစ်ခြင်း၌ ဆွေးနွေးတိုင်ပင်မှု မရှိပါ။

(အာရပ် စကားပုံ)

♥

* အချစ်ရေးတွေဟာ ကာယကံရှင်များ တုန်လှုပ်သလောက် တစ်ခါတစ်ခါ လူတွေမှာရယ်စရာတွေ ဖြစ်နေတတ်တယ်။

(× × ×)

♥

* သာယာမှုကင်းမဲ့စွာ ချစ်သူသည် ရေငတ်မှုကင်းမဲ့စွာ သောက်၊ ဆာလောင်မှုကင်းမဲ့စွာ စားပြီး၊ တိုတောင်းလှသော အချိန်ကာလမျှသာ အသက်ရှင်တယ်။

(ဂျာမန် စကားပုံ)

♥

* တံခါးတစ်ချပ်ကို သင်ချစ်သကဲ့သို့ ကျွန်ုပ်ကို မချစ်ပါနှင့်။ နှစ်သက်ခံရပေမယ့် ရှေ့နောက်တိုးခံရသည့် အဖြစ်ကို ကျွန်ုပ် မလိုလားပါ။

(× × ×)

♥

www.burmeseclassic.com

www.burmeseclassic.com



* ချစ်သူတို့သည် အနည်းဆုံးသာ ပြောဆိုရလိမ့်မယ်။

(စကော စကားပုံ)

♥

* အချစ်သည် အမြတ်အစွန်းကို လိုက်တယ်။

(အိုင်းရစ် စကားပုံ)

♥

* စောစောအိမ်ထောင်ပြု၊ ကြာကြာချစ်။

(ဂျာမန် စကားပုံ)

♥

* မုန်းရမယ့်ပုံစံဖြင့် ချစ်ပါ။ ချစ်ရမယ့်ပုံစံဖြင့် မုန်းပါ။

(ဂရိ စကားပုံ)

♥

* အချစ်အတွက် သမားတော်၊ နတ်ဆရာမရှိပါ။

(အိုင်းရစ် စကားပုံ)

♥

* ၁။ အချစ်

၂။ မီး

၃။ ယားယံမှု



၄။ ချောင်းဆိုးမှု

၅။ ဒူလာတို့ကို ဖုံးကွယ်၍ မရပါ

(ဂျာမန် စကားပုံ)

♥

* သင် ကျွန်ုပ်ကိုချစ်လျှင် သင့်အချစ် ပေါ်လွင်ပါစေ။

(စကော စကားပုံ)

♥

* လိုအပ်ချက်တံခါးခေါက်လာလျှင် အချစ်က တံခါးဖွင့်ထွက်ခွာသွားတယ်။

(ဂျာမန် စကားပုံ)

♥

* အချစ်ရှိလျှင် ပြန်ပေါင်းထုတ်ရန် လွယ်တယ်။

(ဝေလ စကားပုံ)

♥

* အသည်းနှလုံးဖြင့် အချစ်ခံရမှုသည် ကုထုံးတစ်ရပ်ပင်မည်တယ်။

(ဂျာမန် စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com



* အချစ်ရဲ့ နှောင်ကြိုးများမှ လွတ်ပြေးရန် ခက်ခဲတယ်။

(အိုင်းရစ် စကားပုံ)

♥

* အချစ်မှာ ပဋိပက္ခမရှိပါ။

(ကင်ညာ စကားပုံ)

♥

* အချစ်စစ်သည် ကျိုးပြတ်လေ့မရှိပါ။

(ဆစ်ခ် စကားပုံ)

♥

* နှလုံးသားနှင့်လှပသည့် သေးငယ်သော်လည်း ၎င်းတို့သည် လူ၏ မြင့်မြတ်မှုကို ပြသတယ်။

(ဂျာမန် စကားပုံ)

♥

* ကျွန်ုပ်တို့သည် ရေမဆာဘဲ ရေသောက်တယ်။ အချိန်မရွေး ချစ်တတ်ကြတယ်။ ယင်းတစ်ခုတည်းသာလျှင် ကျွန်ုပ်တို့နှင့် အခြားတိရစ္ဆာန်များကို ခြားနားစေတယ်။

(ပြင်သစ် စကားပုံ)

♥



* အလိုဆန္ဒရမ္မက်များကို စွန့်လွှတ်နိုင်သူသည် လွတ်လပ်သူ ဖြစ်တယ်။

(အာရပ် စကားပုံ)

♥

* အဆိပ်တကာ့အဆိပ်မှာ လူ့ဆိပ်ဟာ အထက်ဆုံးပါငဲ။ လူ့ဆိပ်မှာလည်း မိန်းမများရဲ့အဆိပ်ဟာ အထက်ဆုံးပါဖဲ။

(× × ×)

♥

* ယောက်ျားတို့သည် တစ်ကြိမ်တစ်ခါသာလျှင် ချစ်ကြတယ်။

(ဂျာမန် စကားပုံ)

♥

* သင့်အချစ်ကို မြူနှင်းမိုးနှင့်တူပါစေ။ အလှ(ကျ)နည်းသော မြစ်ပြင်ကို လွှမ်းစေတယ်။

(မာလက်ဂါစီ စကားပုံ)

♥

* လောကီအချစ်ကို မီးတင်ရှို့လိုက်။

(ဆစ်ခ် စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com



* မမုန်းနိုင်သူသည် မချစ်နိုင်ပါ။

(ဂျာမန် စကားပုံ)

♥

* မီးသည် အချစ်၊ ရေသည် သောက။

(အင်္ဂလိပ် စကားပုံ)

♥

* အပျော်ရွှင်ဆုံးသောရက်များသည် အချိန်ကာလ တိုတောင်းတယ်။

(အာရပ် စကားပုံ)

♥

* အချစ်သည် သတ္တိနှင့်အားကို ဖြစ်ထွန်းစေသော မဟာ သြသဓဆေးကြီးတစ်ဆူ ဖြစ်လေတယ်။

(× × ×)

♥

* ချစ်နေသူ၏ အိတ်ကပ်တိုင်းတွင် မျှော်လင့်ချက်များ ပြည့်နေတယ်။

(ဂျာမန် စကားပုံ)

♥



* မျက်လုံးကို မြင်ကွင်းက စွန့်သွားလျှင် နှလုံးသားကို အချစ်က စွန့်ခွာသွားတယ်။

(အိုင်းရစ် စကားပုံ)

♥

* အချစ်သည် ဖုန်မှုန့်နှင့်တူတယ်။

(ကက်ရှ်မီးယား)

♥

* လူသည် အိမ်ထောင်ပြုရန်၊ ငယ်ရွယ်နေတတ်လေ့ရှိသော်လည်း ချစ်ရန်အတွက်မူ မည်သည့်အခါမှ မငယ်ရွယ်ပါ။

(ဖင်လန် စကားပုံ)

♥

* ခွင့်လွှတ်မှုတိုင်းတွင် ချစ်မေတ္တာရှိတယ်။

(ဝေလ စကားပုံ)

♥

* သင်အမှန်ဘက်မှရှိနေလျှင် ယောက်ျားတစ်ယောက်ကဲ့သို့ ငြင်းခုံပါ။ မှားတဲ့ဘက်က ရှိနေခဲ့ပါမူ မိန်းမတစ်ယောက်ကဲ့သို့ ငြင်းခုံပါလော့။

(ပီဂျေတောလက်)

♥

www.burmeseclassic.com

www.burmeseclassic.com



* တစ်နေ့မှာ မုန်းမည့်ပုံစံမျိုးဖြင့် ချစ်ပါ။ တစ်နေ့မှာ ချစ်မည့်ပုံစံဖြင့် မုန်းပါ။

(ဂျာမန် စကားပုံ)

♥

* အချစ်ကို သူတို့ချစ်ကြရမယ်။

(နီဂရိုး စကားပုံ)

♥

* နပျိုမှုသည် အချစ်ကြောင့် အကြိမ်မည်မျှ ခြောက်သွေ့ညှိုးနွမ်းရသနည်း။

(ဆစ်ခ် စကားပုံ)

♥

* ဒေါသသည် ၎င်း၏ ပခုံးများကို သွေးထွက်သည်အထိ ၎င်း၏ တုတ်ဖြင့် ရိုက်နှက်တယ်။ အချစ်သည် ၎င်း၏ မျက်နှာကို ၎င်း၏ မိတ်ကပ်ဖြင့် ခြယ်တယ်။

(ဖင်လန် စကားပုံ)

♥

* အချစ်ပါး(နည်း)ရာတွင် အပြစ်တူတယ်။

(ဝေလ စကားပုံ)

♥



* ရက်ခြားတွေ့ခြင်းသည် ချစ်ခင်မှုကို တိုးလာစေတယ်။

(အာရပ် စကားပုံ)

♥

* တိတ်တခိုးအား၊ သူချစ်သူအကြောင်းကို လျှောက်၍ပြောလျှင် ထိုသူသည် နာရီပေါင်းများစွာ မငြီးငွေ့ဘဲ နားထောင်ပေလိမ့်မယ်။

(× × ×)

♥

* ချစ်ပါ။ သို့သော် မယုံကြည်ပါနှင့်။

(ဂျာမန် စကားပုံ)

♥

* လက်အားယုတ်လာသောအခါ အချစ်အားယုတ်လာတယ်။

(အိုင်းရစ် စကားပုံ)

♥

* အသက်(၁၂)နှစ်အရွယ်တွင် ကလေးဘဝက မြှုပ်နှံတယ်။ အသက်(၁၈)နှစ်တွင် လူငယ်ဘဝကို မြှုပ်နှံတယ်။ အသက်(၂၀)တွင် အချစ်ဦးကို မြှုပ်နှံတယ်။ အသက် (၃၀)အရွယ်တွင် လူသားတို့ကို ယုံစားမှုကို မြှုပ်နှံတယ်။ အသက်(၄၀)

www.burmeseclassic.com

www.burmeseclassic.com



အရွယ်တွင် မျှော်လင့်ခြင်းကို မြူပ်နှံတယ်။ အသက်(၅၀) အရွယ်တွင် ဆန္ဒရမက်ကို မြှုပ်နှံတယ်။ အသက်(၆၀) အရွယ်မှ စတင်၍ တဖြည်းဖြည်းနှင့် အာရုံငါးပါးကို မြှုပ်နှံတယ်။

(ဂျာမန် စကားပုံ)

♥

* ဖခင်တိုင်း၏ မျက်စိ၌ မိမိ၏သားကို ချစ်စရာကောင်း၍ လုပ္ပသူအဖြစ် မြင်ကြတယ်။

(အာရပ် စကားပုံ)

♥

* ဝါဂွမ်းချည်ကို သင်ချစ်သကဲ့သို့ ကျွန်ုပ်ကိုချစ်ပါ။ ပါးလျနေရာ ဖြည့်၍ ပြတ်တောက်နေရာ ပြန်ဆက်ပါ။

(မာလက်ဂါစီ)

♥

* ပေးချေရမှု စတင်လာရာတွင် အချစ်အဆုံးသတ်တယ်။

(ဂျာမန် စကားပုံ)

♥

* အချစ်နှင့်ဂီတမှလွဲ၍ အားလုံး ပျက်သုဉ်းလိမ့်မယ်။

(စကော့ စကားပုံ)

♥



* အချစ်သည် တစ်ခဏမျှသာ ရှင်သန်သော်လည်း၊ မုန်းတီးမှုသည် ကာလရှည်စွာ ရှင်သန်တယ်။

(အိုင်းရစ် စကားပုံ)

♥

* ငွေ(ကြေး)နည်းနည်း၊ အချစ်များများ။

(အင်္ဂလိပ် စကားပုံ)

♥

* ချစ်သူအတွက်ဆို တံခါးလျင်မြန်စွာ ပွင့်တယ်။

(ဝေလ စကားပုံ)

♥

* ဆရာဝန်၏ အမှားများကို မြေကြီးဖြင့် ဖုံးအုပ်တယ်။ ကျွန်ုပ်တို့ အမှားများကို အချစ်နှင့် ဖုံးအုပ်တယ်။

(ဂျာမန် စကားပုံ)

♥

* အချစ်နှင့်ကြည့် ............
ငွေနှင့်ဝယ် ............

(စကော စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com



* ကောင်းမှု၏ အိမ်ထောင်ဖက်သည် မကောင်းမှု။ အသက်၏ အိမ်ထောင်ဖက်သည် သေခြင်း၊ အချစ်၏ အိမ်ထောင်ဖက်သည် ကွဲကွာခြင်း။

(တက်ရှ်မီးယား)

♥

* ရေဆာမှုသည် ရေသောက်သူ၏ နိဂုံးဖြစ်ပြီး သောကသည် အချစ်၏ နိဂုံးပင်ဖြစ်တယ်။

(အိုင်းရစ် စကားပုံ)

♥

* ဆန္ဒမတူဘဲ လက်တွဲ၍ မသွားနိုင်။

(အင်္ဂလိပ် စကားပုံ)

♥

* ရဲရင့်သော သူများမှတစ်ပါး မည်သူမျှ မိန်းမချောနှင့် မထိုက်တန်ပါ။

♥

* ချစ်သောသူကို အားလုံး အမှတ်ရကြတယ်။

(ဝေလ စကားပုံ)

♥



* သင်သေဆုံးကြောင်း ယုံကြည်လေ့မရှိသူ နှစ်စားမှာ၊ သင့်ကို မုန်းတီးသူနှင့် သင့်ကို ချစ်မြတ်နိုးသူပင် ဖြစ်တယ်။

(အိုင်းရစ် စကားပုံ)

♥

* အာဒမ်နှင့်ဧဝသည် ၎င်းတို့အချစ်အကြောင်း ပါရှားစကားဖြင့် ပြောဆိုခဲ့ကြပြီး၊ ၎င်းတို့ကို သုခဘုံမှ နှင်ထုတ်လိုက်သော နတ်တမာန်သည် တူရကီဘာသာစကား ပြောဆိုခဲ့တယ်။

(ပါရှင်း စကားပုံ)

♥

* မိတ်ဆွေတွေဟာ တစ်ဖအေသားများနှင့် တူတယ်၊ ချစ်သူများသည် တစ်မအေသားများနှင့်တူတယ်။

(မာလက်ဂါစီ စကားပုံ)

♥

* ရိုးသားမှုကိုယ်တိုင်သည်ပင်၊ တစ်ခါတစ်ရံ၌ မျက်နှာဖုံးလို အပ်တယ်။

(အင်္ဂလိပ် စကားပုံ)

♥

www.burmeseclassic.com



* အကောင်းဆုံးဖြစ်မည်ကို မျှော်လင့်ရင်း ဖြစ်ပေါ်လာမည့် အကောင်းဆုံးအတွက် အသင့်ရှိနေပါစေ။

(အင်္ဂလိပ် စကားပုံ)

♥

* မိန်းကလေးတစ်ယောက်အနေဖြင့်၊ မိမိအတွက် မိမိကိုယ်တိုင် ရွေးချယ်သည့်အရာနှစ်ခုသာရှိတယ်။ ယင်းကိုသာ သူမ၏ အာလူးများနှင့် သူမ၏ ချစ်သူပင်ဖြစ်တယ်။

(ဒတ်ချ် စကားပုံ)

♥

* မိမိနှလုံးသားကို ထားရစ်ခဲ့သူတို့၏ ခြေလှမ်းများသည် တွံ့နှေး ကြသည်ပင်။

(အင်္ဂလိပ် စကားပုံ)

♥

* နှလုံးသားကိုပြည့်စေသူသည် မျက်လုံးကို ပြည့်စေတယ်။

(အိုင်းရစ် စကားပုံ)

♥

* လောကတွင် အပေါဆုံးရမှက်များကား မျှော်လင့်ခြင်းနှင့် အချစ်ဖြစ်ပြီး၊ နိဂုံးသတ်တွင် ၎င်းတို့သည် ဈေးအကြီးဆုံး



ပေးဆပ်လိုက်ရပေတယ်။

(တူရကီ စကားပုံ)

♥

* ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အချစ်ဦးထံသို့ အမြဲတစေ ပြန်လေ့ရှိတယ်။

(ပြင်သစ် စကားပုံ)

♥

* အလိုဆန္ဒရမ္မက်ပြင်းပြသူသည် မျက်စိကန်းသူဖြစ်တယ်။

(အာရပ် စကားပုံ)

♥

* ငါ့ကို နမ်းအောင်မပြုလေနှင့်၊ သို့မှသာ ငါ့ကို အပြစ်မပြုမိအောင် သင်ဆောင်ရွက်ရာရောက်မယ်။

(အင်္ဂလိပ် စကားပုံ)

♥

* ချစ်မြတ်နိုးလေ့မရှိသူတို့သည်၊ ပြင်းထန်စွာ ပျော်ရွှင်ရလေ့မရှိ တတ်ပါ၊ ချစ်မြတ်နိုးလေ့ရှိသူတို့သည် ပြင်းထန်စွာ သောက ဖြစ်ရလေ့ရှိတယ်။

(ပြင်သစ် စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com



* တစ်ယောက်ကို တစ်ယောက် ချစ်ကြောင်းပြောဆိုရန် မလို အဝိတော့သောအခါကျမှသာလျှင်၊ ပြည့်ဝစွာချစ်တတ်ကြခြင်း မည်ပေတယ်။

(ပြင်သစ်စကားပုံ)

♥

* အချစ်အကြီးဆုံးအခါတွင်၊ စကားအနည်းဆုံးသာ ဖြစ်တယ်။

(ဂျာမန်စကားပုံ)

♥

* အချစ်ကို အချစ်နှင့် ရောင်းဝယ်ပြုရရိုးရှိတယ်။

(ဂျာမန် စကားပုံ)

♥

* ချစ်သူတွင် အငြိုးအမျက်မရှိပါ။

(ဆွာဟီလီ)

♥

* အချစ်စစ်၊ အချစ်မှန် မှန်သမျှ ကြည်ညိုလေးစားခြင်းမှ ပေါက် ဖွားလာတယ်။

(ဘက်ကီးတမ်း)

♥



* အဟုတ်တကယ်လိုချင်သည့်အခါ မည်သည့် စည်းကမ်း ဥပဒေ ကိုမျှ ဂရုမစိုက်။

(စကားပုံ)

♥

* မိမိ၏ ကြွယ်ဝမှု၊ မိမိ၏ ကျဆုံးမှု၊ မိမိချစ်သူ၊ ငွေကြေးဖွက်ထား ရာအရပ်၊ မိမိလုပ်ခဲ့သောကောင်းမှု၊ မိမိခံထားရသော စော်ကားမှု၊ သို့မဟုတ် ချေးငှားထားမှုများကို မည်သည့်အခါမှ လူမသိပါ စေနှင့်။

(ဟိန္ဒူ စကားပုံ)

♥

* နှလုံးသား၏ စာကို၊ မျက်လုံးတွင်ဖတ်ရတယ်။

(အင်္ဂလိပ် စကားပုံ)

♥

* အချစ်သည် အချစ်၏ ဆုကြေးဖြစ်တယ်။

(ဂျာမန် စကားပုံ)

♥

* ငါ့နှလုံးသားထဲ လာခမပေးဘဲနေ။

(အိုင်းရစ် စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com



* အနမ်းတို့သည် သော့တံများပင်ဖြစ်တယ်။

(အင်္ဂလိပ် စကားပုံ)

♥

## အချစ် အတွေးဆန်းများ

* အချစ်သည် ခြေအိတ်များမှ အပေါက်များနှင့်တူတယ်။

(ဂျာမန် စကားပုံ)

♥

* အချစ်မခံရဘဲ ချစ်သူသည် အချစ်ပူးခံနေရသူဖြစ်တယ်။

(ပြင်သစ် စကားပုံ)

♥

* အချစ်တွင် အရာသုံးပိုင်းပါဝင်တယ်၊ ၎င်းတို့မှာ ရှည်ကြာစွာမျှော်လင့်တောင့်တခြင်း။ ချိုမြိန်သော ဆင်းရဲချို့တဲ့မှုနှင့် မြန်ဆန်သော မုန်းတီးမှုတို့ပင်ဖြစ်တယ်။

(ဂျာမန် စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com



* သင့်ကို တစ်စုံတစ်ခုချစ်လျှင်၊ သူသည် သင့်ကို ခယ တောင်းဆိုမယ်။

(× × ×)

♥

* အချစ်ဆုံးသည် အရိုက်နှက်ဆုံးဖြစ်တယ်။

(ပြင်သစ် စကားပုံ)

♥

* ကျွန်ုပ်တို့သည်၊ ထိခိုက်မှုများကို ကျောက်ထက်ကမ္ပည်း ထိုး၏။ ကြင်နာမှုကိုမူ ဖုန်မှုန့်ထဲရေးသားတယ်။

(အင်္ဂလိပ် စကားပုံ)

♥

* တစ်ယောက်မှ မသိစေချင်ဘူးလား၊ မသိစေချင်ရင် မ လုပ်နှင့်။

(ဟာရှတ် စကားပုံ)

♥

* အမုန်းသည်းသူသည် အချစ်သည်းသူဖြစ်တတ်တယ်။

(ပြင်သစ် စကားပုံ)

♥



* နုနယ်သောအချစ် အနှစ်ထက်ဝက်၊ ရင့်ကျက်သော အချစ် အေးစက်စက်။

(ဒတ်ချ် စကားပုံ)

♥

* အချစ်သည် ပူးတစ်ကောင်ဖြစ်တယ်။ အိမ်ထောင်ရေး သည် တောကြောင်တစ်ကောင်ဖြစ်တယ်။

(ဂျာမန် စကားပုံ)

♥

* သင်သည် မဲလ်ဘယ်ရီဆီးသီးတမျှ မည်းနက်နေပါစေ၊ သင့်ချစ်သူအတွက် သင်သည် ဖြူဖွေးလှပနေပေမယ်။

(ပြင်သစ် စကားပုံ)

♥

* အချစ်သည် အဆစ်မြစ်တို့ကို လေဖြတ်စေတတ်တယ်။

(× × ×)

♥

* အကျင့်မလေ့သည် အစတွင် ပိုးမျှင်ကလေးများသာ ဖြစ် ၍ နောင်တွင် သံကြိုးများဖြစ်လာကြသည်။

(စပိန် စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com



* အချစ်သည် တစ်ဖက်လပ်ဖြစ်သော်လည်း၊ အမုန်းသည် စုံလုံးကန်းတယ်။

(ဂျာမန် စကားပုံ)

♥

* အရာရှစ်ခုကို အလျှံအပယ် ခံစားရခက်သော်လည်း အတော်သင့်ဆို ခံစားရကောင်းတယ်။

၎င်းတို့မှာ–

- အလုပ်
- အိပ်စက်ခြင်း
- ချမ်းသာကြွယ်ဝမှု
- ခရီးများ
- အချစ်
- ရေနွေး
- သွေးထွက်ခြင်း
- ဝိုင်အရက်တို့ပင် ဖြစ်တယ်။

(ဟီဘရူး စကားပုံ)

♥

* အချစ်သည် အချစ်ကို လွှမ်းမိုးနိုင်တယ်။

(ဂျာမန် စကားပုံ)

BURMESE CLASSIC .com



* ထာဝရအချစ်၊ ထာဝရမုသား။

(ဂျာမန် စကားပုံ)

♥

* အချစ်သည် ဒရယ်သားဖြစ်တယ်။

(ဂျာမန် စကားပုံ)

♥

* ကမ္ဘာကြီးကို လည်ပတ်နေသောအရာကား မေတ္တာပင် ဖြစ်တယ်။

(ပြင်သစ် စကားပုံ)

♥

* တစ်ဦးဒုက္ခကို တစ်ဦးခံနိုင်ခြင်းအတိုင်းအတာသည် အချစ်၏ အတိုင်းအတာပင် ဖြစ်တယ်။

(အီဂျစ် စကားပုံ)

♥

* အသက်ရှင်နေစဉ်တွင် သင့်ကို အကာအကွယ်ပြု၍ သေဆုံးသောအခါတွင် သင်နှင့် တစ်ပါတည်း လိုက်ပါသော ဝါဂွမ်း(ထည်)ချစ်သကဲ့သို့ ချစ်ပါ။

(ဟင်ဒီ စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com



* မသိရှိသူ အနမ်းမခံရဘူး။

(အင်္ဂလိပ် စကားပုံ)

♥

* အတိုင်ပင်ခံပုဂ္ဂိုလ်သုံးဦးကို မယုံကြည်ပါနှင့်။ ၎င်းတို့မှာ ဝိုင်အရက်၊ ည နှင့် အချစ်တို့ပင်။

(ဂျာမန် စကားပုံ)

♥

* ဖိနပ်ထဲက ကျောက်ရိုးနှင့် အသည်းနှလုံးထဲက အချစ်၊ အမြဲတိုင်း ထိုးထွက်လေ့ရှိစမြဲပင်။

(ဂျာမန် စကားပုံ)

♥

* ကျွန်ုပ်သည် အချစ်ကို အရှာအဖွေထွက်ရာတွင် လမ်းပျောက်သွားတယ်။

(အင်ဒီ စကားပုံ)

♥

* အချစ်သည် ခါးသီးသော ပေါင်းပင်ဖြစ်တယ်။

(ဂျာမန် စကားပုံ)

♥



* အကာယ်၍ အကြင်သူသည် မိမိ၏စိတ်ကို စိုးပိုင်လျှင်၊ မိမိ၏ ရန်သူများကို အောင်နိုင်သကဲ့သို့ဖြစ်တယ်။

(တိဗက် စကားပုံ)

♥

* အလိုဆန္ဒတွင် အကန့်အသတ်မရှိ။

(အိန္ဒိယ၊ တီလဂူ စကားပုံ)

♥

* ကျွန်ုပ်တို့သည် မျက်နှာများကို မြင်ရသော်လည်း စိတ်သဘောထားများကို မမြင်ရ။

(မက္ကဆီကို စကားပုံ)

♥

* သစ္စာဖောက်ခြင်းအားဖြင့် သစ္စာဖောက်သူအပေါ် အခါခါ ပြန်လည်လာတယ်။

(ပြင်သစ် စကားပုံ)

♥

* ရုပ်ချောခြင်းထက်၊ စိတ်နှလုံးလှခြင်းက ပို၍ကောင်းသေးတယ်။

(ဂျပန် စကားပုံ)

♥

www.burmeseclassic.com



* အချစ်သည် ဆောင်းကိုလည်း မသိ၊ နွေကိုလည်းမသိပါ။

(ဂျာမန် စကားပုံ)

♥

* နာလိုဖွယ်ကောင်းသည့် စကားလုံးများသည် လူရူးလူမိုက်အား သဘောကျစေတယ်။ ရံဖန်ရံခါ၌ ပညာရှိသူကိုပင်လျှင် သဘောကျစေတယ်။

(ဒိန်းမတ် စကားပုံ)

♥

* စွပ်ပြုတ်ရယ်၊ အချစ်ရယ်၊ အဲဒီနှစ်ခုမှာ စွပ်ပြုတ်က အကောင်းဆုံးဖြစ်တယ်။

(စပင်းနစ်ရှ် စကားပုံ)

♥

* အချစ်က သူရဲကောင်းတွေကို မွေးထုတ်နိုင်ခဲ့ပြီး လူရူး၊ လူမိုက်တွေကိုတော့ ပိုပြီးများများ မွေးထုတ်ပေးပါတယ်။

(ဆွဒ်ဒစ် စကားပုံ)

♥

* မုန်းခြင်း၊ ချစ်ခြင်းနှစ်မျိုးတို့၏ ငြိမ်းချမ်းခြင်းသည် ဥပေက္ခာ၏ ပြည့်စုံခြင်းဖြစ်တယ်။

(+++)



ခင်မင်ရင်းနှီးတွယ်တာသောအခါ အရှိအသေကို တန်စေတယ်။

(အင်္ဂလိပ် စကားပုံ)

♥

အချစ်ဦးနှင့် ပတ်သက်သမျှ တစ်လုံးတစ်ပါဒ တစ်ကြောင်းကိုမျှ အချိန်ကာလက မဖျက်ပါ။

(ဂျာမန် စကားပုံ)

♥

အချစ်ဆိုတာ ချွေးလေးယားပင်ပေါ်မှာရော၊ နှင်းပန်းတွေပေါ်မှာပါကျတဲ့ နှင်းနဲ့အတူတူပါပဲ။

(ဆွဒ်ဒစ် စကားပုံ)

♥

အချစ်ကို နိုးတဲ့ သူခိုးရယ်လို့ မရှိပါဘူး။ ဒါပေမဲ့ တစ်ခါတစ်ခါတော့ အချစ်က သူခိုးတွေကို မွေးထုတ်ပေးပါတယ်။

(ဆွဒ်ဒစ် စကားပုံ)

♥

နှလုံးသား၏ စာကို မျက်လုံးတွင် ဖတ်ရတယ်။

(အင်္ဂလိပ် စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com



* လူတစ်ယောက်နှင့် တစ်ယောက်အကြိုက်ကိုသာ မြင်နေလျှင်၊ မကြိုက်တာတွေ့သော အချိန်၌ အပြစ်ကို မြင်လာတော့တယ်။ အကြိုက်က အချစ်စွမ်းအားမျိုး မရှိပါ။

(အမည်မသိ)

♥

* အားလုံးကို နားလည်ရန်မှာ၊ အားလုံးကို ခွင့်လွှတ်ခြင်းဖြစ်တယ်။

(အင်္ဂလိပ် စကားပုံ)

♥

* ပျားရည်သည် ချိုတယ်။ သို့သော် ပျားတုပ်တတ်တယ်။

(အင်္ဂလိပ် စကားပုံ)

♥

* နှင်းဆီကို နှင်းဆီဟုမညတ်ဘဲ၊ အခြား ဘယ်အမည်နှင့်ခေါ်စေကာမူ နှင်းဆီသည် မွှေးမြဲ မွှေးနေမည်သာ ဖြစ်တယ်။

(သိုးဆောင်း စကားပုံ)

♥



* သင့်မိဘမေတ္တာကို ကောင်းစွာသိလိုပါမူ၊ သင်ကိုယ်တိုင်သားသမီး မွေးကြည့်ပါ။

(တရုတ် စကားပုံ)

♥

* ပညာမည်မျှရှိသော်လည်း၊ အချစ်နှင့် ပတ်သက်လာလျှင်အားလုံး အရူးချည်းသာ။

(+++)

♥

* ချစ်နေသူတို့အတွက်၊ မိုင်ပေါင်းများစွာသည် ခြေလှမ်းမျှသာ လှမ်းတယ်။

(ဂျာမန် စကားပုံ)

♥

* အချစ်သည် မှားယွင်းသောပြုမူချက်များသို့ ဦးတည်ပေးသော်လည်း၊ ငွေကြေးသည် အိမ်ထောင်ပြုရေးများသို့ ဦးတည်ပေးတယ်။

(ဂျာမန် စကားပုံ)

♥

* အချစ်သည် နှုတ်ခမ်းများပိတ်နေစဉ်မှာပင် ပြောဆိုမှုပြုတယ်။

(ဂျာမန် စကားပုံ)

www.burmeseclassic.com

www.burmeseclassic.com



* မင်းကို ကောင်းကောင်းချစ်အောင်လုပ်တတ်တဲ့ လူတာ ကောင်းကောင်းငိုအောင်လည်း လုပ်လိမ့်မယ်။

(စပင်းနစ် စကားပုံ)

♥

* အချစ် သို့မဟုတ် ရာသီဥတုကို မည်သည့်အခါမှ မယုံပါနှင့်။

(ဂျာမန် စကားပုံ)

♥

* ယဉ်ကျေးခြင်းက ဘာသာတရားမှ ပေါက်ဖွားလာရပေတယ်။

(ဂရိတ် စကားပုံ)

♥

* မေတ္တာဟာ ဆေးကောင်း၊ ဝါးကောင်း။

(+++)

♥

* အမျိုးကောင်းခြင်းက ကောင်းတယ်။ ယဉ်ကျေးခြင်းက ပိုကောင်းတယ်။

(စကော့ စကားပုံ)

♥



* ဆင်းရဲသောသူများတွင် ဆွေမျိုးဟူ၍ မရှိပါ။

(အီတာလျံ စကားပုံ)

♥

* ကောင်းမြတ်သောစကားပြောဆိုခြင်းသည် အလှူဒါနပြုခြင်းပင် ဖြစ်တယ်။

(အာရပ် စကားပုံ)

♥

* ယောက်ျားဟူသည် မိသားစု၏ ဦးခေါင်းဖြစ်ပြီး၊ မိန်းမမှာမူ ထိုဦးခေါင်းအား လိုရာလှည့်နိုင်သည့် လည်တိုင်ဖြစ်ပေတယ်။

(တရုတ် စကားပုံ)

♥

* စိတ်က ဆန္ဒရှိသော်လည်း၊ အသွေးအသားက ပျော့ညံ့နေတယ်။

(သမ္မာကျမ်းစာမှ)

♥

* သူ၏ မျက်လုံးများသည်၊ တင်းတိမ်စောင်ကြားမှ မီးလောင်နေသော အပေါက်နှစ်ပေါက်နှင့် တူတယ်။

(အိုင်းရစ် စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com



* မျက်စိမလို၊ စိတ်ကမလို။

(အီတာလျံ စကားပုံ)

♥

* ပန်းကန်လုံးနှင့် နှုတ်ခမ်း၏ (လှပသော နှုတ်ခမ်း)ကြား တွင် လွဲချော်မှုပေါင်းများစွာ ရှိလေတယ်။

(အင်္ဂလိပ် စကားပုံ)

♥

* အသည်းနှလုံးသည် ဖန်ရဲတိုက်ပင် ဖြစ်တယ်။ ကွဲအက် သောအခါ ပြန်ဆက်တည်း၍ မရပါ။

(ဂျာမန် စကားပုံ)

♥

* မိန်းမလှလေးများအချို့ဟာ ရွှေ၊ ငွေကြောင့် လေလွင့်ကြ တယ်။ မီးလျှံကဲ့သို့လည်း သူတို့၏ သားကောင်ကို ဝါးမျို တတ်ကုန်တယ်။

(× × ×)

♥

* အကြိမ်တစ်ရာကြားဖူးသည်ထက်၊ တစ်ကြိမ်မျှ တွေ့ဖူး မြင်ဖူးခြင်းက ပို၍ကောင်းတယ်။

(အင်္ဂလိပ် စကားပုံ)

♥



* နှလုံးသားတမျှမာကြော၊ နှလုံးသားတမျှ ပျော့ပျောင်းသော အရာမရှိ။

(ဂျာမန် စကားပုံ)

♥

* အချစ်သည် စကျွန်အာရုံ ကင်းသွားစေပြီး၊ အိမ်ထောင်မှု သည် စကျွန်အား အာရုံပြန်လည် ပြည့်စုံစေတယ်။

(ဂျာမန် စကားပုံ)

♥

* အချစ်စစ်၊ အချစ်မှန်သည် ဟန်ဆောင်ကင်းသလို သတ္တိ ရှိတယ်။

(+++)

♥

* အဆွေစစ်၊ အဆွေခင်ပွန်းကောင်းတစ်ဦးသည်၊ ဆွေမျိုး ဉာတကာ၊ တစ်ယောက်ထက်တောင် ကောင်းမြတ်တယ်။

(အီတာလျံ စကားပုံ)

♥

* မကောင်းသောရှင်ခြင်းသည် မကောင်းသော သေခြင်း၌ အဆုံးသတ်လေတယ်။

(စပိန် စကားပုံ)

www.burmeseclassic.com

www.burmeseclassic.com



* သင့်ကိုယ်ကို အဆုံးအဖြတ်မခံချင်သောအရာနှင့် တခြားသူတို့ကို သွား၍ မဆုံးဖြတ်ပါနှင့်။

(အင်္ဂလိပ် စကားပုံ)

♥

* ချစ်သူတို့သည် အချိန်ကာလကို ဆန္ဒရမ္မက်ဖြင့် တိုင်းတာတယ်။

(ဂျာမန် စကားပုံ)

♥

* သူတစ်ပါးတွေ မသိစေလိုလျှင် မလုပ်ဘဲနေပါ။

(တရုတ် စကားပုံ)

♥

* ရှာဖွေရသောအချစ်သည် ကောင်းတယ်။ သို့သော် တွေ့ရှိသော အချစ်သည် ပိုကောင်းတယ်။

(ဂျာမန် စကားပုံ)

♥

* ဘုရင်၌အချစ်ရှိသကဲ့သို့ သူတောင်းစား၌လည်း အချစ်ရှိတယ်။

( × × × )

♥



* အချစ်မီးတောက်မီးလျှံ ငြိမ်းသွားသောအခါတွင် မီးကြွင်းမီးစတို့ကိုသာ တွေ့ရတယ်။ ရွှေမတွေ့ရပါ။

(ဂျပန် စကားပုံ)

♥

* သင်အချစ်ဆုံးအရာသည် ပျောက်ပင်ဖြစ်နေပါစေ၊ သင်အချစ်ဆုံးအရာဖြစ်တယ်။

(အီဂျစ် စကားပုံ)

♥

* ဘာသာတိုင်း၏ တရားများသည် အကောင်းချည်းသာ ဖြစ်တယ်။

(စပိန် စကားပုံ)

♥

* အရာသုံးခုသည် လူမှုရေးအဆင့်တွင် ကွာဟမှုမရှိပါ။ ၎င်းတို့မှာ–

– အချစ်
– လိုအပ်ချက်
– သေခြင်းတို့ဖြစ်တယ်။

(ဂျာမန် စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com



* ယောကကို ခင်တွယ်မြတ်နိုးခြင်းသည် ပြစ်မှုတိုင်း၏ အရင်းမူလ ဖြစ်တယ်။

(အာရပ် စကားပုံ)

♥

* ဒုက္ခကိုရှာသောသူသည် ဒုက္ခကိုတွေ့လိမ့်မယ်။

(အင်္ဂလိပ် စကားပုံ)

♥

* ဦးထုပ်ကို လက်ဝယ်တွင် ကိုင်၍သွားလျှင်၊ ကမ္ဘာပေါ်၌ နေရာတိုင်းမှာ ကြီးပွားရမယ်။

(မာန်မာနမထားက လူချစ်ခင်မည်ဟု ဆိုဟန်ရှိသည်)

(ဂျာမန် စကားပုံ)

♥

* စာပေသည် လူ့နှလုံးသား၏ ဂီတသကေတဖြစ်တယ်။

(သော်တာဝင်ဒါး)

♥

* ဘဝဟူသည် ရယ်နိုင်ခြင်းနှင့် မိတ်ဆွေကောင်းရှိခြင်း အပေါ်၌သာ တန်ဖိုးဖြစ်ရမယ်။

(ရွှေးဟောင်း စကား)

♥



* လူ၏သဘောကိုသိလိုလျှင် မိတ်ဆွေကို အကဲခတ်။ ဖခင်၏သဘောကိုသိလိုလျှင် သားကို အကဲခတ်။

(တရုတ် စကားပုံ)

♥

* အချစ်သည် ဆူးကင်းမဲ့သော နှင်းဆီတို့ကိုသာ မြင်တယ်။

(ဂျာမန် စကားပုံ)

♥

* ကြွေးချေးငှားခြင်းသည် ချစ်ခင်ရင်းနှီးမှုကို ပျက်စီးစေတယ်။

(အာရပ် စကားပုံ)

♥

* အသက်ရှင်ခြင်းရဲ့ တန်ဖိုးကို သေပြီးမှသိတယ်။

(ပါရှင်း စကားပုံ)

♥

* လူရိုးသည် စောစောကပင် အိမ်ထောင်ပြု၍၊ ဉာဏ် ပညာရှိသူကား ဘယ်တော့မှ အိမ်ထောင်မပြု။

(စကော စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com



* အချစ်သည် လက်အိတ်ကို ထွင်းဖောက်တယ်။

(ဂျာမန် စကားပုံ)

♥

* အားလုံးပေါ် မှန်ကန်မျှတပါ။ သို့သော် အားလုံးကိုတော့ မယုံပါနှင့်။

(အင်္ဂလိပ် စကားပုံ)

♥

* မျက်ရည်များသည် မျက်လုံး၏ မြင့်မြတ်သော ဘာသာ စကားပင်တည်း။

(ရောဘတ်ဟဲရစ်)

♥

* လိမ္မာသောဇနီးသည် သူ့လင်၏ သရဖူဖြစ်တယ်။

(ဓမ္မဟောင်းကျမ်း)

♥

* ဆူးပင်စိုက်ပျိုးထားသူသည် ထိုအပင်မှ စပျစ်သီးခူးစား ရမည်မဟုတ်ပါ။

(အာရပ် စကားပုံ)

♥



* မိမိကိုယ်သာ ချစ်၍၊ မိမိအတွက်သာ သိတတ်လွန်းသူ ၏ မျက်လုံးများသည် ရီဝေ၍နေတယ်။

(ဂျာမန် စကားပုံ)

♥

* အကယ်၍ သင်၏ အိတ်ထောင်အတွင်း ဘာမှမရှိသည့် အခါ၌ သင့်တွင် အပြစ်များစွာရှိနေလိမ့်မယ်။

(လစ်ဗျား စကားပုံ)

♥

* အလုနှင့်တည်ဆောက်ထားသောအချစ်၊ မတည်မြဲ။

(ဆိုရှီးစကား)

♥

* မပြည့်စုံသူ၏ လက်ဖျားမှာ ရှည်လျားလှတယ်။

(စကော့တလန် စကားပုံ)

♥

* အကယ်၍ သင်သည် ငြိမ်းငြိမ်းချမ်းချမ်း နေလိုလျှင် ဘယ်စကားကိုမှ နားမထောင်ပါနှင့်။ ဘာကိုမှ မကြည့် ပါနှင့်။ ဘာကိုမှ မပြောပါနှင့်။

(အီတလီ စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com



* ပူပင်သောကဏ်နောက်တွင် ပျော်ရွှင်မှုနှင့် ရင်ဆိုင်ခံစားရတတ်တယ်။

(အာရပ် စကားပုံ)

♥

* ဒုက္ခရောက်ချိန်တွင် ဒုက္ခဖြစ်နေရလျှင် သင်သည် ဒုက္ခကို နှစ်ဆခံနေရခြင်း ဖြစ်တယ်။

(ဒဲနီယာယ်ဒီဖိုး)

♥

* ရည်းစားစာရေးသူသည် စိုထိုင်းသောလက်များ ရှိသင့်တယ်။

(ဂျာမန် စကားပုံ)

♥

* ဘုရားသခင်ဟာ လူတစ်ယောက်ကို ဖျက်ဆီးချင်ရင် ကောင်းတာတွေ အများကြီးပေးတယ်။

(အင်္ဂလိပ် စကားပုံ)

♥

* မိန်းနည်းပူဆွေးခြင်းနှင့် ပျော်ရွှင်ခြင်းသည် လည်ပတ်နေသော ဘီးတစ်ခုဖြစ်တယ်။

(အိုင်ယာလန် စကားပုံ)



* သင်သည် မိန်းကလေးတစ်ဦးအား လက်မထပ်မီ သူ၏ မိခင်အကြောင်းကို စုံစမ်းပါ။

(လက်ဘနွန် စကားပုံ)

♥

* ခွေး၏ ခြေကျိုးခြင်းနှင့် မိန်းမတို့၏ မျက်ရည်ကို ဘယ်တော့မှ မယုံပါနှင့်။

(မက်ဆီကန် စကားပုံ)

♥

* မိမိအမှားကို ဝန်မခံသူသည် အမိုက်ဆုံးဖြစ်တယ်။

(ဒတ်ချ် စကားပုံ)

♥

* အမေမရှိတော့သည့် သားကို လက်ထပ်လိုက်သည့် မိန်းမသည် ပျော်ရွှင်တယ်။

(စကော့ စကားပုံ)

♥

* ကျွဲဝယ်မည့်သူသည် ကျွဲ၏ ခွာများကို ကြည့်တယ်။ မိန်းမတစ်ယောက်အား လက်ထပ်သူသည် သူမ၏ မျိုးရိုးကို ကြည့်တယ်။

(ဗီယက်နမ် စကားပုံ)

www.burmeseclassic.com

www.burmeseclassic.com



* အပ်ဖြင့် ဖောက်ထွင်း၍မရသော ကိစ္စကို စကားဖြင့် ဖောက်ထွင်းနိုင်ပေတယ်။

(အာရပ် စကားပုံ)

♥

* ကလေးမရှိသောသူသည် အချစ်ဆိုသည်မှာ မည်သည် ဖြစ်သည်ဟု မသိ။

(အင်္ဂလိပ် စကားပုံ)

♥

* အသည်းနှလုံးနှင့် နှင်းသည် အရည်မပျော်ခင် အလွန် မာကျောကြသေးတယ်။

(ဂျာမန် စကားပုံ)

♥

* အစထက် အဆုံးကို ပို၍စဉ်းစားပါ။

(ဘော့စနီးယား စကားပုံ)

♥

* သင် ယခုပြုလုပ်သည့် ကောင်းမွန်သော လုပ်ရပ်များ ဟာ အနာဂတ်၏ ရတနာပင် ဖြစ်တယ်။

(ဖိလစ်ပိုင် စကားပုံ)

♥



* ဆင်းဆင်းရဲရဲနေရခြင်းထက် ဆယ်နှစ်စောသေရခြင်းက ပို၍ပင် ကောင်းသေးတယ်။

(တရုတ် စကားပုံ)

♥

* ကံကြမ္မာ ဆုံးရှုံးသွားလျှင် ဘာမှမဆုံးရှုံး၊ သတ္တိ ဆုံးရှုံး သွားလျှင် များစွာ ဆုံးရှုံးတယ်။ ဂုဏ်သိက္ခာ ဆုံးရှုံးလျှင် ပို၍ပင် ဆုံးရှုံးသေးတယ်။ အသက်ဆုံးရှုံးလျှင်၊ အကုန် ဆုံးရှုံးတယ်။

(ဒတ်ချ် စကားပုံ)

♥

* အလိုလိုက်သော မိန်းကလေးသည် ညစ်ညမ်းစုတ်ချာ သော အိမ်ရှင်မသာ ဖြစ်လာပေမယ်။

(စကော့ စကားပုံ)

♥

* လောဘရမ္မက်ကြီးခြင်းသည် နိမ့်ကျမှု၏ အဓိကအချက် ဖြစ်ပေတယ်။

(အာရပ် စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com



* အသည်းနှလုံးသည် ကလေးသူငယ်ပင်၊ ငုင်းသည့် လိုချင်ရာ တောင့်တမျှော်လင့်တယ်။

(ဂျာမန် စကားပုံ)

♥

* ခိုးသည့်ထက်စာလျှင်၊ တောင်းရမ်း (လက်ထပ်)သည်က ပို၍ကောင်းသေးတယ်။

(ဒတ်ချ် စကားပုံ)

♥

* နားထိုင်းသော လင်ယောက်ျားနှင့် မျက်စိကွယ်သော မယားတို့မှာ ပျော်ရွှင်ဖွယ်ကောင်းသော စုံတွဲများဖြစ်ကြတယ်။

(ဒိန်းမတ် စကားပုံ)

♥

* သင်၏ဇနီးကို မျက်လုံးဖြင့် မအုပ်ချုပ်ပါနှင့်၊ နားများနှင့် အုပ်ချုပ်ပါ။

(အက်စတိုးနီးယား စကားပုံ)

♥

* အိုးတစ်အိုးသည် အခြားအိုးတစ်အိုးနှင့် ရိုက်မိသည့်အခါ နှစ်အိုးလုံးကွဲကုန်တယ်။

(ရှိမေးနီးယား စကားပုံ)

♥



* မီးဖိုဆောင်ကိုသာ အမျိုးသမီးက လက်ဆက်ရာတွင် အချစ်သည် မကြာခင်မှာပင် ငတ်မွတ်သေဆုံးရတယ်။

(ဂျာမန် စကားပုံ)

♥

* နှလုံးသားထဲမှ မီးသည် ဦးနှောက်ထဲ မီးခိုးသင့်စေတယ်။

(ဂျာမန် စကားပုံ)

♥

* အပေါ်ယံမှာတော့ အပြစ်ကင်းစင်တဲ့ သိုးငယ်၊ ရင်တွင်းကတော့ ကောက်ကျစ်ရက်စက်တဲ့ ဝံပုလွေ။

(ဂရိ စကားပုံ)

♥

* ချိုသာသော လျှာ (စကား)သည် မကောင်းသည့် စိတ်နှလုံးသားကို ဖုံးကွယ်ထားတယ်။

(ဂျူမေကာ စကားပုံ)

♥

* လျှာကြောင့် ဦးခေါင်းသည် ခံစားရတယ်။

(ဆလိုဗက် စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com



* ပါးစပ်သည် နှလုံးသား၏ စကားပြန်ဖြစ်တယ်။

(အက်စတိုးနီးယား စကားပုံ)

♥

* ဖြေကြားခြင်းမပြုဘဲနေခြင်းသည်မင်လျှင် အဖြေတစ်ခု ဖြစ်တယ်။

(ဒိန်းမတ် စကားပုံ)

♥

* ကတိစကားများက အကြွေးများဖြစ်၍ အကြွေးများက ကတိစကားဖြစ်စေတယ်။

(ဒတ်ချ် စကားပုံ)

♥

* မြူနှင်းကျခြင်းကို ယပ်တောင်ကလေးဖြင့် ဖယ်ရှား၍ မရပါ။

(ဂျပန် စကားပုံ)

♥

* မိန်းမသည် ငွေနှင့်တူတယ်။ ယောကျ်ားသည် ပညာနှင့်တူတယ်။ မိန်းမနှင့် ယောကျ်ားပေါင်းလျှင် အိမ်ထောင်တစ်ခုဖြစ်တယ်။ ပညာနှင့်ငွေပေါင်းလျှင် ဆုတ်ယုတ်ခြင်း



မရှိတော့သော ဂုဏ်ကို ဖြစ်စေတယ်။

(တရုတ် စကားပုံ)

♥

* သင်သည် ဘဝကို ချစ်ခင်စုံမက်ပါသလား။ ချစ်ခင်စုံမက်သည်ဆိုပါမူ အချိန်ကို ဖြုန်းမပစ်ပါနှင့်။ အချိန်သည် ဘဝ၏ ပစ္စည်းပင်ဖြစ်တယ်။

(ရှေးဟောင်း စကားပုံ)

♥

* ဘုပြောတဲ့လူကို မကြောက်နှင့်။ သူ့တွင် အငြိုးထားတတ်သော ဉာဉ်မရှိ။

(ဂျာမန် စကားပုံ)

♥

* အချစ်သည် အိပ်မက်ထဲမှာ ချိုမြိန်တယ်။

(+++)

♥

* ချစ်သူများသည် ပြန်ပြောင်းစမြုံ့ပြန်စရာ များစွာရှိတတ်သော်လည်း အမြဲတစေပင် အကြောင်းရပ်တူများ ဖြစ်တယ်။

(ဂျာမန် စကားပုံ)

www.burmeseclassic.com

www.burmeseclassic.com



* မရှက်တတ်သောသူသည် သူလုပ်ချင်ရာ လုပ်၍ရသည်။

(အီဂျစ် စကားပုံ)

♥

* သင်သည် သင်၏စိတ်ကို စိုးပိုင်သူဖြစ်ပါစေ။ သင်၏စိတ်က သင့်အား စိုးပိုင်သူ မဖြစ်ပါစေနှင့်။

(ဂျပန် စကားပုံ)

♥

* တစ်ကြိမ်မြင်ရခြင်းသည် နှစ်ကြိမ်မြင်ရခြင်းထက်ပင် ပို၍ ကောင်းလေတယ်။

(ဆွီဒင် စကားပုံ)

♥

* အကျင့်တစ်ခုဖြစ်သွားလျှင် အလွယ်တကူနှင့် စွန့်ပစ်၍ မရပါ။

(ဂရိ စကားပုံ)

♥

* အားလုံးသည် ငွေမရှိသည့်အတွက် ညည်းတွားကြတယ်။ အသိတရားလိုအပ်မှုအတွက်ကိုမူ ညည်းတွားသူမရှိ။

(ရှမေးနီးယား စကားပုံ)

♥

## မြန်မာအချစ်နှင့် ဝိ-ဓ စကားပုံများ

* မြင်ဖန်များလျှင်ငယ်၊ နမ်းဖန်များလျှင်ပြယ်။

♥

* မျက်နှာမြင် ချစ်ခင်၊ အသံကြားသနား။

♥

* ပျို့းခင်းနွားစား၊ ရည်းစားလူလု၊ အူနုကျွဲခတ်။

♥

* ဝိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော။

♥

* ဆုပ်လည်းစူး စားလည်းရူး အချစ်ဦး။

♥

www.burmeseclassic.com

www.burmeseclassic.com



* ဆူးကျဖက်ပေါက်၊ ဖက်ကျဖက်ပေါက်။

♥

* သမီးရည်းစား အချစ်ကုန်၊ လင်မယား အရှက်ကုန်။

♥

* သပြေပန်း တစ်ခက် နှစ်ခက်၊ မသွေတမ်း တစ်သက် နှစ်သက်။

♥

* နတ်သမီး ကလက်လို့ ဘုံပျက်။

♥

* မိန်းမကောင်း ပြည့်တန်ဆာနယ်ကျင့်သော် လင်ကောင်းမရ။

♥

* မိန်းမဆိုလျှင် ခြေမလက်မပင် ပယ်ချင်။

♥

* ပန်းသတင်း လေညင်းဆောင်၊ လူသတင်း လူချင်းဆောင်။

♥

* သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်။

♥



* ဝမ်းရေးထက်၊ လွမ်းရေးခက်။

♥

* အချစ်တစ်ပွဲ၊ စစ်ပွဲတစ်ရာ။

♥

* တစ်ရွာသား ရည်းစားလုပ်တော့ လွမ်းရ။

♥

* ချစ်သော် သက်နှန်း၊ မုန်းသော် ရန်သူ။

♥

* ချစ်သောအခါ ပျားသကာ၊ မုန်းသောအခါ ခါးတမာ။

♥

* အချစ်ဦး မြေးဦးရတောင် မမေ့။

♥

* အချစ်ဝင်က အပြစ်မမြင်။

♥

* အချစ်တတ်က အကျိုးရှိ၊ အဆစ်တတ်က အဖိုးသိ။

♥

* အချစ်ကြီးက အမျက်ကြီး။

♥

www.burmeseclassic.com

www.burmeseclassic.com



* အချစ်ရှာ အသာတွေ့၊ အပြစ်ရှာ အနာတွေ့။

♥

* ငယ်ကချစ် အနှစ်တစ်ရာ၊ ငယ်ကပေါင်းက အနှစ်တစ်သောင်း။

♥

* အချစ်အစ ဒါသွေးအသားက။

♥

* အချစ်အမိန့်ကျ၊ အိမ်ထောင်ကျတတ်။

♥

* မချစ်သော်လည်း အောင့်ကာနမ်း၊ မနမ်းသော်လည်း ပင့်သက်ရှူ။

♥

* ချစ်တိုင်းမညား၊ ညားတိုင်းမချစ်။

♥

* ချစ်စကို ရှည်စေ၊ မုန်းစကို တိုစေ။

♥

* မြင်းကမလှုပ်၊ ခုံကလှုပ်။

♥



* မစွမ်းရင်ကလည်းရှို၊ ကစွန်းခင်းကလည်းငြိ။

♥

* ကြိုးချင်းထား ကြိုးချင်းရှုပ်၊ အိုးချင်းထား အိုးချင်းခုပ်။
ကြိုးချင်းထား ကြိုးချင်းငြိ၊ အိုးခြင်းထား အိုးချင်းထိ။

♥

* မပြောမပြီး၊ မတီးမမြည်၊ မချည်မမြဲ။

♥

* မစားရအညှော်ခံ၊ လှျောက်ပြန်သံပေး၊ ခြေအေးဝမ်းရောင်။

♥

* မမိုတဲ့ပန်း တုံးခုန်လှမ်း။

♥

* မေတ္တာဆောင်လျှင်ရဲ၊ သစ္စာနှောင်လျှင်မြဲ။

♥

* မေတ္တာရောက်က တဟီးဟီး၊ မေတ္တာမရောက်က တသီးသီး။

♥

* မေတ္တာလွန်သော် ရာဂ။

♥

www.burmeseclassic.com

www.burmeseclassic.com



* မောက်မောက်မာမာ ပြောဒဏ်သင့်၊ ထောက်ထောက်ညာညာ ပြောရန်လွင့်။

♥

* မျက်နှာချို သို့ပိုတစ်ပါး။

♥

* မျက်နှာချော အရောင်တင်ရန်မလို။

♥

* မယားမရှိဘဲနှင့် တင်းတိမ်တကာကာ။

♥

* စလယ်ဝင် ဖင်မမည်းခင်က ကွဲရချက်နှာ။

♥

* ဥ ချစ်မှ မ ချစ်သည်။

♥

* ကြင်မှ ချစ်၊ သစ်မှ သန့်။

♥

* တစ်သက်၊ တစ်ချစ်။

♥

* အချစ်သည် လောကဓာတ်အုတ်မြစ်သဖွယ်။



* အချစ်လုံးမွှေ့သည်ကို မွှေ့ကာခံချင်။

♥

* အချစ်ကလေးမှ အချစ်ကြီးဖြစ်။

♥

* အရှင်ကိုချစ်၏ မဖြောင့်။

♥

* အချစ်နှင့်စစ်၊ ဥာဏ်စရာမရှိ။ တရားသည်ချည်း။

♥

* ကြာကြာကွဲကွာနေ ပိုချစ်။ (နီးတကျက်ကျက်၊ ဝေးတစ်သက်သက်)။

♥

* ကြိုက်မပျက်၊ ငိုက်မရှက်၊ တော်မကက်။

♥

* ချစ်လုံးလုံး၊ မုန်းလျှားလျှား။

♥

* မိန်းမအလိုလိုက် ဦးခိုက်။

♥

* မိန်းမ မီးနှေး ယောက်ျား ဖောင်စီး။

www.burmeseclassic.com

www.burmeseclassic.com



* နှမကြင်သာရှိ - မောင်ကြင်မရှိ။

♥

* နှမလင်နေ၊ မောင်ဖင်ကျိုန်း။

♥

* နှံ့ပြီစုတ်၊ အမြောက်နှင့်ချိန်။

♥

* မပျိုဘဲနှင့်လှု၊ မအိုဘဲနှင့်ကျ။

♥

* မ,ဘက်လိုက်တော့ မိုက်ဘက်ပါ။

♥

* မာယားထိ ဓားကြည့်။

♥

* မိအေး နှစ်ခါနာ။

♥

* မုဆိုးမအိမ်ထောင် ခွေးပင်မဟောင်။

♥

* မိန်းမကောင်းပန်းပန် တစ်ပွင့်တန်။

♥



* မိန်းမတို့ဘုန်း ဆံထုံး။

♥

* မိန်းမပျင်း ခြေဆင်း၊ ယောက်ျားပျင်း ကျောခင်း။

♥

* မိန်းမချင်းပေါင်တင်။

♥

* မိန်းမကောင်းထင်၊ ဆောင်ဝင်မှသိ။

♥

* နှစ်ကိုယ့် တစ်စိတ်။

♥

* သကာအချိုလောင်း၊ လှုလည်းလှု၊ စိတ်လည်းမြတ်။

♥

* မယားနေစ၊ ကြောင်သေမှ။

♥

* ရင်သွေးဟူက၊ ချစ်မဝ။

♥

* ငယ်လျှင်ချို၊ ကြီးလျှင်မို။

♥

www.burmeseclassic.com

www.burmeseclassic.com



* ကြက်မှာအမြစ်၊ လူမှာအချစ်။

♥

* ချစ်တုန်းခင်တုန်း၊ တပြုံးပြုံး။

♥

* ချစ်လျှင်အကျိုး၊ မုန်းလျှင်အပြစ်။

♥

* ချစ်လျှင်အကျိုး၊ မြတ်နိုးတော့သဒ္ဓါ။

♥

* ချစ်စကို ရှည်စေ၊ မုန်းစကို တိုစေ။

♥

* ချစ်စေလို ခံတွင်းလက်လေးသစ်၊ မုန်းစေလို ခံတွင်း လက်လေးသစ်။

♥

* ချစ်ခြင်းအစ မျက်စိက။

♥

* အပင်မှန် အမြစ်နှင့်၊ လူမှန် အချစ်နှင့်။

♥

* အချစ်ရေးက စစ်ရေးထက်ခက်။

♥



* မျိုးချင်းထပ် မြတ်၊ ဆွေချင်းခြို လုံ။

♥

* မခေါ်ချင်နေရ၊ မတော်ချင်မနေရ။

♥

* ဇာတ်ချင်းမတူလည်း မေတ္တာပမာဒ။

♥

* တလင်နေ့ ပွေးနှင့်၊ တလင်နေ ကြွေးနှင့်။

♥

* တောင်းဆိုး ပလုံးဆိုးသာ ပစ်နိုင်၊ သားဆိုး သမီးဆိုး မပစ်နိုင်။

♥

* နီးတကျက်ကျက်၊ ဝေးတသက်သက်။

♥

* နှုတ်ချိုလျှင် ပွင့်လန်း၊ လျှာကြမ်းလျှင် လူမုန်း။

♥

* ပီယဝါစာ၊ နှုတ်ချိုသာ။

♥

* ပေးသူမေတ္တာ၊ ယူသူသစ္စာ။

♥

www.burmeseclassic.com

www.burmeseclassic.com



* ပျောက်သောသူ ရှာလျှင်တွေ့၊ သေသောသူ ကြာလျှင်မေ့။

♥

* မကြည့်တဲ့နွားလုံး၊ ပြုံးရှုံမရှင်။

♥

* မကြည့်ချင်၊ မြင်ချက်လျက်သား။

♥

* မိန်းမကိုစေသော် မခံနိုင်။ ယောကျ်ားကိုစေသော် မပြီးနိုင်။

♥

* မိဘစကား နားမထောင်၊ သားတစ်ကောင်နှင့် တိုးလို့တွဲလဲ။

♥

* မ, ကိုခင်မှ ဥကိုခင်။

♥

* မိန်းမတို့ အဆင်းမှာ ဥစ္စာဖြစ်။

♥

* မိန်းမတို့စကျွ၊ နှစ်ဖက်ရှု။

♥



* မိန်းမဖျက်၊ ပြည်ပျက်။

♥

* မိန်းမအချစ်၊ ကြာလေစွဲလေ။

♥

* မိန်းမတို့ကန္တြေ၊ ရွှေပေးလို့မရ။

♥

* မိန်းမမာယာ သဲကိုးဖြာ။

♥

* မိန်းမကြိုက်တော့ မျှော်လိုက်တာ၊ ယောကျ်ားကြိုက်တော့ စိုက်စိုက်လာ။

♥

* မယားနှင့်နွား၊ မသနားနှင့်။

♥

* မိန်းမ ပုခက်တွင်း၊ ယောကျ်ား ပဋ္ဌင်း။

♥

* မိန်းမဆံထုံး၊ ယောကျ်ားလက်ရုံး။

♥

* မိန်းမဆိုတာ ငိုလွယ်၊ ရယ်လွယ်၊ သဘောလွယ်။

www.burmeseclassic.com

www.burmeseclassic.com



* မိန်းမပေါ၊ ဇနီးကောင်းရခဲ။

♥

* သမားအိုစေ၊ မယားပျိုစေ။

♥

* လင်ကောင်းအိမ်ရှင်၊ တရှင်ရှင်။

♥

* လင်လိုတုန်း နားပဲ့။

♥

* လင်နှင့်မယား၊ လျှာနဲ့သွား။

♥

* အသွင်တူ၊ အိမ်သူဖြစ်။

♥

* တကယ်ချစ်က၊ တော်ရာမှာနေရ၊ ပျော်ရာမှာ မနေရ။

♥

* ကိုယ်ချစ်ကို မရနှင့်၊ သူချစ်ကိုရှာ။

♥

* ရှာနားက မြက်၊ ရှာနွား မစား။

♥



* လာချင်လျှင် အနီးကလေး၊ မလာချင်လျှင် ခရီးဝေး။

♥

* လင်ကောင်းမယား၊ လင်ဆိုးစား၊ ဝက်သားတတစ်၊ ငါးတစ်တစ်။

♥

* လင်နေစ၊ ဆင်သေမှ။

♥

* လင်စံရွှေ၊ လင်ခွေးနှင့်သွား။

♥

* လင်ဆိုးမယား၊ တဖားဖား။

♥

* လင်မယားကြား၊ စကားမဝင်သာ။

♥

* လင်ကွာ တသသ၊ လင်သေ တုတတ။

♥

* ချစ်ကြောက်ရှိသော၊ တာဝန်ရှည်။

♥

* ချစ်လွယ်မုန်းလွယ်၊ ဖြစ်လွယ်ပျက်လွယ်။

♥

www.burmeseclassic.com

www.burmeseclassic.com



* တစ်ဦးမေတ္တာ တစ်ဦးမှာ။

♥

* ကိုယ်ချစ်ကို မရှာနှင့်။ သူချစ်ကိုရှာ။

♥

* ကာလေး မုန့်ပေးကြိုက်။

♥

* ချစ်ခြင်းအစ အသွေးအသားက။

♥

* အကြောင်းရှိမှ အချစ်ရှိ။

♥

* ချစ်ခင်ပေါင်းသင်းဆက်ဆံခြင်းက ကွေကွင်းနောက်ဆုံး။

♥

* တစ်ချုံကွယ် တစ်မယ်မွေး၊ တွေ့ရင် သေအောင်လွမ်း။

♥

* ဂျင်း(ချင်း)စိမ်းနှင့် မိတ်သလင်၊ သူ့ကြောင့်မှ ကိုယ်ကြင်။

♥

* တစ်ခုလပ်ရှာ၊ တစ်ယင်ကွာတွေ့။

♥



* ဆိုဖန်များ၊ မယားစကားအောင်။

♥

* သမီးကညာ၊ အခါမလင့်စေနှင့်။

♥

* သမီးတစ်ကောင်၊ နွားတစ်ထောင်။

♥

* သမီးပေး သမက်ရှာ။

♥

* သမီးအချစ်၊ မြေးအနှစ်။

♥

* သမီး လင်နေ၊ အမေ ပေါင်ကျိုန်း။

♥

* သမီး မလိမ္မာ၊ မိခင်တာ။

♥

* စေတနာလွန်၊ ကျွန်ဖြစ်။

♥

* တဏှာအစ၊ ဒွါက။

♥

www.burmeseclassic.com

www.burmeseclassic.com



* စိတ်တစ်ခုနိုင်၊ ကိလေသာ အကုန်ငြိမ်း။

♥

* စိတ်တူ သင်ဖြူး၊ စိတ်မတူ ရှောက်ဆူး။

♥

* စက်စက်ယိုအောင်လှသော်လည်း ပျက်ပျက်ပြုံအောင် ကျတယ်။

♥

* တစ်သားမွေး တစ်သွေးလှ။

♥

* လှချင်လျက် စက်စက်ယို။

♥

* လှတစ်မျက်နှာ၊ ယဉ်တစ်ကိုယ်လုံး သုံး၍မကုန်။

♥

* ကိုယ်ထင်၊ ခုတင်ရွှေနန်း။

♥

* မကြည့်တတ်တော့ တဏှာ၊ ကြည့်တတ်တော့ ဘာဝနာ။

♥

* ချိုးမွှမ်း ခုနစ်ရက်၊ ကဲ့ရဲ့ပြော ခုနစ်ရက်။

♥



* လုပချော့မွေ့မှုကိုသာပဲ မမက်ပါနှင့်။ ပြောဆိုလုပ်ကိုင်ရာမှာလည်း မကလက်ပါနှင့်။

♥

* တစ်လှေတည်း စီး၊ တစ်ခရီးတည်း သွား။
တစ်ရွာတည်း နေ၊ တစ်ရေတည်း သောက်။

♥

* သူ့လက်လာလို့၊ ငါ့လက်သွား။

♥

* တစ်ဦးမေတ္တာ၊ တစ်ဦးမှာ။

♥

* ကိုယ်က သူ့ချစ်မှ၊ သူက ကိုယ့်ပြန်ချစ်မယ်။

♥

* စွတ်စိုပြီးတဲ့လက် မခြောက်ပါစေနှင့်။

♥

* ပါးကိုက်၊ နှားကိုက်။

♥

* စိန့်ကဲ ကျောက်ကဲထက်၊ လူကဲခတ် ခက်။

♥

www.burmeseclassic.com

www.burmeseclassic.com



* နှုတ်ချို၊ သျှိုတစ်ပါး။

♥

* အချစ်အတွက် နန်းစွန့်သော အိမ်ရှေ့မင်းသာလို။

♥

* တစ်ချိုကွယ် တစ်မယ်မေ့၊ တွေ့ရင် သေအောင်လွမ်း။

♥

* ပုစွန်ဆိတ် ငယ်သော်လည်း ပင်လယ်ကူး။
လူငယ်သော်လည်း အချစ်ရှူး။

♥

* အချစ်နည်းလျှင် အပြစ်များ။ (မုန်းလျှင်အပြစ်၊ ချစ်လျှင် အကျိုး)

♥

* ကြင်နာမှုက ကြင်နာမှုရ။

♥

* ဖနီးမှာ (၁၅၀၀)ကီလေသာ၊ မိဘမှာ မေတ္တာစစ်(၅၂၈)။

♥

* ခွာခွာချစ်လျှင်စွဲ၊ နီးနီးချစ်လျှင်ကွဲ။

♥

* စိတ်တူ တစ်သက်မွေ့၊ စိတ်မတူ တစ်သက်မေ့။

## ကိုးရင်သားအချစ်နှင့် ဗို–မ စကားပုံများ

* မုန်းလျှင်ပေါင်းရ ချစ်လျှင်ခွဲရ။

(မွန် စကားပုံ)

♥

* ဆားကို ထင်းရှူးဆူးများဖြင့် ထုပ်ပိုးရန် ခက်ခဲသကဲ့သို့၊ အချစ်ကို ရရှိရန် ခက်ခဲတယ်။

(ပလောင် စကားပုံ)

♥

* ကိုယ်မလှကို မမြင်၊ မျောက်သွားမြဲခြင်း မတွေ့။ ကိုယ်မလှ ကိုယ်မမြင်။ သူမလှ ကိုယ်ရယ်ချင်။

(ကချင် စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com



* မိန်းမရွေး ရုပ်ဆိုးမနှင့်တွေ့၊ တောင်ယာရွေ့ အစွန်အဖျား ရောက်။

(ကချင် စကားပုံ)

♥

* အမျိုးချင်းချစ်လျှင် အလကားပေး၊ အရောင်းအဝယ်လုပ်လျှင် သူ့စိမ်းကိုလုပ်။

(ရှမ်း စကားပုံ)

♥

* မေတ္တာပေးသူသည်၊ သစ္စာကိုယူတယ်။

(မွန် စကားပုံ)

♥

* ပီယဆေးက ဓားထက်ထက်။(ချစ်ဖွယ်စကား)

(ကရင် စကားပုံ)

♥

* လိမ်သောသူသည် မချစ်၊ ချစ်သောသူသည် မလိမ်။

(ရှမ်း စကားပုံ)

♥

* အချစ်မပျက်အောင် စောင့်ထိန်းကြ။ (ပျက်အစ၌ ပြင်ခဲ)

(မြန်မာ စကားပုံ)



* သေလောက်အောင် ကြောက်၊ ရူးလောက်အောင် ချစ်။

(ပလောင် စကားပုံ)

♥

* ခွေး၏ခင်မင်မှု သေသည်အထိ။ လူ၏ ခင်မင်မှုသည် တစ်ခဏ။

(လီဆူး စကားပုံ)

♥

* အူကိုဆွဲလျှင် အသည်းက နာတယ်။

(ဂျိန်းဖော စကားပုံ)

♥

* လူကိုခင်လျှင်၊ လွယ်အိတ်မနိုက်နှင့်။

(ရဝမ် စကားပုံ)

♥

* မိတ်လည်းပွားစေ၊ ရန်လည်းကြေစေ၊ ငွေလည်းမကျန် စေ။

(ကချင် စကားပုံ)

♥

* မိန်းကလေးချော၊ များများအပြောခံရ။

(ကရင် စကားပုံ)

www.burmeseclassic.com

www.burmeseclassic.com



* အကမတတ် မောင်းတီး၊ ငါ့အသည်းထဲ ရေမဝင်။

(ပလောင် စကားပုံ)

♥

* တောင်ယာခုတ်မှားတစ်နှစ်၊ မယားယူမှားလျှင်တစ်သက်။

(ကချင် စကားပုံ)

♥

* အတူတူစားက မြိန်၊ အတူတူအိပ်က နွေး။

(ကရင် စကားပုံ)

♥

* ရုပ်ရည်ကိုမကြည့်၊ စိတ်နှလုံးအမူအရာကိုကြည့်ရတယ်။

(ချင်း စကားပုံ)

♥

* အကြီးဆုံးသောရန်သူသည် မိမိကိုယ်တိုင်ပင် ဖြစ်တယ်။

(လူရှေ့ စကားပုံ)

♥

* ကံယုံပြီး ရေပေါ် လမ်းမလျှောက်နှင့်။

(အင်းလေး စကားပုံ)

♥



* သစ်ရွက်တွင် အပေါက်များရှိသလို၊ မိန်းကလေးစကား ကတိမတည်။

(ကချင် စကားပုံ)

♥

* အကောင်းဆုံးပန်းသည် အမြင့်ဆုံးတွင်ရှိတယ်။

(ချင်း စကားပုံ)

♥

* တောင်းမှာ ကြိမ်တွပ်၊ မိန်းကလေး ပန်းပန်မှလှ။

(ကရင် စကားပုံ)

♥

* နှစ်ဦးသဘောတူက ပင်လယ်ရေ ကုန်ခန်းအောင်ပက်နိုင်။

(ကချင် စကားပုံ)

♥

* ကိုယ့်မှာ ပညာမရှိလျှင်၊ အိမ်ထောင်ပြုခါမှ နောင်တ ရတတ်တယ်။

(ရှမ်း စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com



* လူသည် တစ်သက်လုံးမကောင်းနိုင်။ ရေသည် တစ်သက်လုံး မကြည်နိုင်။

(ရခိုင် စကားပုံ)

♥

* ယောက္ခမ သေဖူး၊ တွင်းတူး နားလည်။

(အင်းသား စကားပုံ)

♥

* မုဆိုးဖို၊ မုဆိုးမတို့သည် ရဲရင့်တယ်။ သူတို့သည် ဟိုဘက် သည်ဘက် ကြည့်တယ်။ နောက်တစ်ကြိမ်လုပ်ရန် ဝန်မလေးသူတို့လည်း ဖြစ်တယ်။

(ပလောင် စကားပုံ)

♥

* သစ်ရွက်လှုပ်လျှင် မြင်၊ လူ့စိတ်လှုပ်လျှင် မမြင်။

(ကချင် စကားပုံ)

♥

* မျက်စိနှင့်မရွေးနှင့်။ နားနှင့်ရွေး။

(ချင်း စကားပုံ)

♥



* စကားလွန် သမီးပေးရ။

(မွန် စကားပုံ)

♥

* ကောင်းကင်မှာ တိမ်မကင်း။ လူမှာ အပြစ်မကင်း။

(ကရင် စကားပုံ)

♥

* နီးလျှင် မျက်စိနှင့်ကြည့်ရ၊ ဝေးလျှင် နားနှင့်ထောင်ရ။

(ကရင် စကားပုံ)

♥

* နွားကောင်း၊ မကောင်း လှည်းဆွဲမှသိ။ လူကောင်း၊ မကောင်း အတူနေမှသိ။

(မွန် စကားပုံ)

♥

* ကြယ်ရောင်များသော်လည်း၊ လလောက်မသာ။ သားသမီး ဆယ်ယောက်၊ အဖေလောက် မကောင်း။

(ကရင် စကားပုံ)

♥

* ငါ့ကိုချစ်ရင်၊ ငါ့ခွေးကိုချစ်။

♥

www.burmeseclassic.com

www.burmeseclassic.com



* သစ်ပင်မြင့်လေ၊ လေတိုက်ခံရလေ။ မိန်းကလေးသဘော ကောင်းလေ၊ ညြှဉ်သည်များလေ။

(ကရင် စကားပုံ)

♥

* မိုးဥတု ရေငတ်၊ စိတ်ထဲ ယောကျ်ားကြိုက်။

(ချင်း စကားပုံ)

♥

* မချစ်သော်လည်း၊ မမုန်းစေနှင့်။

(မွန် စကားပုံ)

♥

* ဝင်ခါနီး နေပူတယ်။ သေခါနီးမှ မယားလိုချင်တယ်။

(ကချင် စကားပုံ)

♥

* ကိုယ့်အလုပ် လုပ်ပြီး ထမင်းရှာစားပါ။ ကိုယ်နှစ်သက်သူ မိန်းကလေးယူပြီး ခေါင်းငုံ့ အလုပ်လုပ်ပါ။

(ကရင် စကားပုံ)

♥

* ကြားရုံနှင့်မြင်ရုံသည် အသည်းနှလုံးအတွက် ကောင်းတယ်။ အသည်းနှလုံးကောင်းမှ နှုတ်ချိုမယ်။

(ပလောင် စကားပုံ)



* ကိုယ့်ဝမ်းနာ၊ ကိုယ်သာသိ။

(မွန် စကားပုံ)

♥

* တစ်ပွဲဝင် လင်ရှုံးနိုး၊ နှစ်ပွဲဝင်လည်း လင်ရှုံးနိုး။

(အင်းလေးသား စကားပုံ)

♥

* ဓား မကိုင်တတ်လျှင် တောမသွားရ။ ဂျပ်ခုတ်ထဘီ မရက်တတ်လျှင် လင်မရ။

(ကချင်ဂျိန်းဖော စကားပုံ)

♥

* ဇာတ်သမ မယား၊ နဲ့သမား ပါ၊ ဖဲသမား တကာ(ဒကာ)။

(ရခိုင် စကားပုံ)

♥

* မိန်းမရွေးက ဝဝကြီးနှင့်တွေ့၊ ယာတောရွေးက တော အစွန်းသို့ရောက်။

(ကချင် စကားပုံ)

♥

* မွေးကိုချစ်တော့ ပါးယက်နားယက်။

(ကရင် စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com



* ချစ်လျှင်ကူညီရ၊ နှမြောလျှင် စောင့်ရှောက်ရ။

(မွန် စကားပုံ)

♥

* အုန်းသီးစားလို အုန်းပင်တက်၊ သမီးရလို အဖေဖက်။

(အင်းလေးသား စကားပုံ)

♥

* စိတ်ကူးယဉ်သူ၊ အမောသာ အဖတ်တင်။

(ကချင်ဂျိမ်းဖော စကားပုံ)

♥

* မယားနှင့်ငရုတ်သီး၊ အမြဲထောင်းခြင်းထက် ကွာပစ်လိုက်သည်က သာ၍ကောင်း။

(လူရှေ့ စကားပုံ)

♥

* မကောင်းသောမယားနှင့်၊ မကောင်းသော ခြံစည်းရိုးကို အသစ်လဲလှယ်။

(လူရှေ့ စကားပုံ)

♥

* ချေးစိုက်သူထက်၊ မြင်သူရှက်။ (ယိုသူမရှက်၊ မြင်သူရှက်)။

(ရခိုင် စကားပုံ)

♥



* မိန်းမယူလျှင် မိစုံ၊ ဖစုံကို မယူနှင့်။ ယောက္ခမတွေ စကားတတ်တယ်။

(ကရင် စကားပုံ)

♥

* ခိုင်းနွားကို ညဘက်မရှာနှင့်။ မိန်းမမြတ်ကို ပွဲတွင် မရှာနှင့်။

(မွန် စကားပုံ)

♥

* မြောက်ပိုင်းသူကို ကွမ်းအစ် မပြနှင့်၊ တောင်ပိုင်းသူကို စကားမစနှင့်။

(အင်းလေးသား စကားပုံ)

♥

* ကြက်မတွန်၍ မိုးမလင်း၊ မိန်းမဖျတ်လတ်၍ ရွာမတည်နိုင်။

(ကချင်ဂျိမ်းဖော စကားပုံ)

♥

* မိန်းမခြောက်ယောက်၊ လှေနန်းမှောက်။

(ထားဝယ် စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com



* ကြည့်ဖန်များလှ။

(ရခိုင် စကားပုံ)

♥

* မေတ္တာဖြင့်အရင်းတည်၊ မေတ္တာတုံ့ပြန်တတ်၊ ရန်ဖြင့်အရင်းတည်ရန် တုံ့ပြန်တတ်။

(ချင်း စကားပုံ)

♥

* ငှက်ကြီးလာလျှင် အသိုက်ဖြစ်တယ်။ မိန်းကလေးကြီးလာလျှင် ညှို့သည်းလက်ခံတတ်တယ်။

(ကရင် စကားပုံ)

♥

* မိန်းမဖျက်လျှင် ပြည်ပျက်။ ပြည်ပျက်တော့ ဘုရားပျက်။

(မွန် စကားပုံ)

♥

* သမီးပျို တစ်ယောက်၊ နွားအကောင် တစ်ထောင်။

(မွန် စကားပုံ)

♥

* အလိမ်တတ်ချင်လျှင် ရည်းစားထား။

(ရှမ်း စကားပုံ)

♥



* ထမင်းစား ဟင်းမရှိ၊ အိပ်ရာဝင် လင်မရှိ။

(အင်းလေးသား စကားပုံ)

♥

* လှသောသူ မကြာမီ ရုပ်ပျက်တတ်တယ်။
အချစ်ကြီးလျှင် အမုန်းကြီးတတ်တယ်။

(မရူ စကားပုံ)

♥

* အာရုံလိုက်စားက သီလတရားပျက်။

(မွန် စကားပုံ)

♥

* ကိုယ်ကြိုက်၊ သူကြိုက်၊ ဆင်းလို့လိုက်။

(ရခိုင် စကားပုံ)

♥

* ကြီးနက်လျှင် အေး၊ လူနက်လျှင် မွှေး။

(အင်းလေး စကားပုံ)

♥

* စပါးပင်ကောင်းလျှင်၊ အဖျင်းပေါတယ်။ မိန်းကလေးလှလေ များများအပြောခံရလေ။

(ကရင် စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com



* ချိုချိုပြောတိုင်းလည်း မယုံနှင့်။ နာနာပြောတိုင်းလည်း မနာနှင့်။

(မွန် စကားပုံ)

♥

* နားဝင်မချိုက လုံနှင့်ထိုး။ နားဝင်ချိုက ဖနီးလှကိုပင် ပေး။

(မွန် စကားပုံ)

♥

* နားသာက မယားလှကိုပင်ပေး။ နားခါးက လုံဖျားကြည့်။

(မွန် စကားပုံ)

♥

* ဆေးလိပ်ကူမမွှေး၊ မိန်းမကူနွေး။

(အင်းလေး စကားပုံ)

♥

* ကောင်းသည့်ဆေးကောင်းတွင် မီးမဆွဲ။ မိန်းမကောင်း လျှင် နူတ်အေးတယ်။

(အဖီး စကားပုံ)

♥



* သမီးရည်းစား စကားထဲတွင် နွားနောက်ဝင်နိုင်တယ်။

(ချင်း စကားပုံ)

♥

* ဇီးစကား အိမ်ကမယား မပြောကဲ့။

(ရခိုင် စကားပုံ)

♥

* မယားမကောင်း လင့်ခေါင်း။ တပည့်မကောင်း ဆရာ့ ခေါင်း။ ကျွန် မကောင်း သခင့်ခေါင်း။

(ကရင် စကားပုံ)

♥

* တပည့်ကိုချစ်လျှင် နည်းလမ်းမှန်ကိုပြ။

(မွန် စကားပုံ)

♥

* မိခင်က သားကိုချစ်သလို၊ သားက ပြန်ချစ်က နတ်ပြည် ကျဦးလတ္တံ့။

(မွန် စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com



* ယောက္ခမ သေတာနှင့် ငါးရှူးစူးတာနှင့် အဆင်သင့်။

(ရခိုင် စကားပုံ)

♥

* သားကောင်းသည် မိခင်မှ၊ အသီးကောင်းသည် အမြစ်မှ။

(လရှီ စကားပုံ)

♥

* လရှီလူမျိုးအမျိုးများတွင် ကွမ်းအစ်ကိုလှူပ်ကာ 'လနတ်သမီး' (အချစ်နတ်သမီး)ခေါ်သော ဓလေ့ရှိတယ်။

♥

* အောင်သွယ် ရန်သူဖြစ်တတ်တယ်။

(ချင်း စကားပုံ)

♥

* စိတ်ကူးနှင့်လိပ်ဥရောင်း။ စိတ်ကူးနှင်က အိပ်ဖူးစား။

(ရခိုင် စကားပုံ)

♥

* ရေတွင်းအိုလေ၊ ရေပိုအေးလေ၊ ကိုယ့်ချစ်သူအသံသည် နားထောင်ရလေ ကောင်းလေ။

(ကရင် စကားပုံ)

♥



* တဏှာနှင့်အဖော်ပြုရ သံသရာရှည်တတ်။

(မွန် စကားပုံ)

♥

* မပျက်စီးလိုလျှင် စိတ်ကိုနိုင်အောင်ထိန်း။

(မွန် စကားပုံ)

♥

* ယောက္ခမ နှို့ သမက် မစို့ရဲသလို။

(ရခိုင် စကားပုံ)

♥

* တစ်ခါရ ယောက္ခမ မပြုနှင့်။

(အင်းလေးသား စကားပုံ)

♥

* မိန်းမစပ်စုလျှင် အကြွေးတင်ခံရတတ်။
ယောကျ်ားစပ်စုလျှင် စားရတတ်။

(ကချင်ဂျိမ်းဖော စကားပုံ)

♥

* ကြောင်မ လင်လိုလျှင်၊ ကြောင်မပင် ပင်ပန်းရတယ်။

(ထားဝယ် စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com



* အလှဆုံးပန်းသည် ယူရန်အခက်ဆုံးဖြစ်တယ်။

(ချင်း စကားပုံ)

♥

* စကားပြောစရာ မဟိ၊ ငါ့မယား ဝမ်းကြီးရေ။

(ရခိုင် စကားပုံ)

♥

* လယ်အလုပ်သည် အရေးအကြီးဆုံးအလုပ်ဖြစ်တယ်။
မိန်းမမပါလျှင် ဘယ်အလုပ်မှ မပြီး။

(ကရင် စကားပုံ)

♥

* တွေ့တိုင်းလည်း မချစ်နှင့်။
ချစ်တိုင်း မိတ်မဖွဲ့နှင့်။

(မွန် စကားပုံ)

♥

* ချစ်သူ သားရေချပ်မျှ၊ မုန်းသူ ဖျာချပ်မျှ။

(ရှမ်း စကားပုံ)

♥

* အမွေးသည် အတောင်ကို လုစေတယ်။

(ရဝမ် စကားပုံ)

♥



* လေမလာလျှင်၊ သစ်ရွက်မလှုပ်။

(အဖီး စကားပုံ)

♥

* ရင်မေ့ ဒူးမေ့။

(ထားဝယ် စကားပုံ)

♥

* ဟင်းသီးဟင်းရွက်ကို ခွဲဝေစားနိုင်တယ်။
ယောကျ်ား၊ မိန်းမကိုတော့ မဝေစားနိုင်ပါ။

(မွန် စကားပုံ)

♥

* လိုချင်သော်လည်း ရှက်ပါတယ်။

(ချင်း စကားပုံ)

♥

* စကားကို အအောင်၊ မယားကို အပေါင်။

(ရခိုင် စကားပုံ)

♥

* သံဃာရန် မိန်းမ။
ဖားရန် မြွေ။

www.burmeseclassic.com

www.burmeseclassic.com



ကျိုးကန်းရန် ဥသြငှက်။

(မွန် စကားပုံ)

♥

* 'ငါးအုံးမက်' တစ်ကောင်ကြောင့်၊ တစ်လှေလုံး 'နံ'။

(အင်းလေးသား စကားပုံ)

♥

* လူ၏တန်ဖိုး စာရိတ္တ။ ဝက်၏တန်ဖိုးသည်ကား အသား။

(သီဆုး စကားပုံ)

♥

* ရန်သူ့လက်ဆောင်၊ အလွန်ကြောက်မက်ဖွယ် ကောင်းတယ်။

(ရဝမ် စကားပုံ)

♥

* မွဲချင်လျှင် မိန်းမယူပါ။

(ကချင်ဂျိမ်းဖော စကားပုံ)

♥

* မယ်သီလ၏ သောဘကြီးမှုသည် ပင်လယ်ကဲ့သို့ အပြောကျယ်တယ်။

(ထားဝယ်စကားပုံ)



* စိတ်ထဲ ကိုယ်ဝန်ရှိနေသလို။

(ချင်း စကားပုံ)

♥

* မိန်းမက ယောကျ်ားကို ချစ်လျှင် ခွေးမွေးမယ်။ ယောကျ်ားက မိန်းမကိုချစ်လျှင် ကြောင်မွေးမယ်။

(ကရင် စကားပုံ)

♥

* မချစ်မကြိုက်သောသူနှင့် ခွန်ကျော်ပွဲတော် (Khuang Chawi) ကျင်းပခြင်းထက် အချစ်ဆုံးသောသူနှင့် သုံးနှစ်သုံးမိုး ကန်စွန်းဥစားခြင်းသည် သာ၍ကောင်းတယ်။

(လူရှေ စကားပုံ)

♥

* ကြက်မ မကောင်း၊ ဝတင်းပါ ပစ်တော၊
မယား မကောင်း၊ အိမ်ဆိုးနှင့် ပစ်ကော။

(ရခိုင် စကားပုံ)

♥

* ပန်းလည်းလှစေ၊ ပျားလည်းဝစေ။

(အင်းသေး စကားပုံ)

♥

www.burmeseclassic.com



* စိတ်ကူးယဉ် မိုးမလင်း။

(ချင်း စကားပုံ)

♥

* လိပ်ပြာများ သူ့ထက်ငါ အပေါ်ရောက်အောင် ပြိုင်၍ ပျံကြတယ်။

(ချင်း စကားပုံ)

♥

* ပန်းသည် ပင်ရင်းဘက်သို့ မပွင့်လို။

(ပလောင် စကားပုံ)

♥

* ကျည်တောက်လည်းသစ်မှ အပျိုလည်းစစ်မှ။

(ကရင် စကားပုံ)

♥

* လှသူသည်၊ တောင်းအပြည့် သယ်ဆောင်နိုင်တယ်။

(ချင်း စကားပုံ)

♥

* မိန်းမ စိတ်ဆိုးလျှင် ဆဲ –
ယောကျ်ားစိတ်ဆိုးလျှင် လက်သရဲ။

(ကချင်ဂျိမ်းဖော စကားပုံ)



* ယောကျ်ားက တောင်ယာခုတ်စေ၊
မိန်းမက မျိုးစေ့ချစေ။

(လူရှေ့ စကားပုံ)

♥

* ကိုယ့်ထမင်းစားလို့၊ ယောက္ခမနွားကျောင်းရေး။

(ရခိုင် စကားပုံ)

♥

* မိန်းမအမိန့်နှင့် နွားနောက်မ ဦးချိုမတီးနိုင်။

(ချင်း စကားပုံ)

♥

* မိန်းမစကားနှင့် မဆုံးဖြတ်နှင့်။ နွားနောက်မ၏ ချိုကို တီးပြီး ပွဲမလုပ်နှင့်။

(ချင်း စကားပုံ)

♥

* စောစောအိမ်ထောင်ပြုခြင်းသည် စောစောသေသည်ထက် တော်သေးတယ်။

(ပလောင် စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com



* မိမိ၏အကျင့်စာရိတ္တမကောင်းသောကြောင့် မယားကို ကွာ၍ နောက်ထပ်အစားထိုးရသောသူသည် အောင်မြင်ခြင်း မရှိတတ်ပါ။

(လူရှေ့ စကားပုံ)

♥

* ကိုယ်ကြိုက်၊ သကာချို။

(ရခိုင် စကားပုံ)

♥

* ငါရှိခြီမှာပေါက်၊ ငါနွား။
ငါ့သမီးလာရေဆိုကေ၊ ကွပြရေ။

(ရခိုင် စကားပုံ)

♥

* မုဆိုးမသံဘောနှင့်၊ ညတွင် အစာရှာသော တိရစ္ဆာန် စိတ်တူညီတယ်။

(ချင်း စကားပုံ)

♥

* မိန်းမနှင့် ငုံး။

(ချင်း စကားပုံ)

♥



* မိန်းမယူ ဝက်စားခွက်ထောင်။

(ချင်းစကားပုံ)

♥

* တစ်ယောက်ကချစ်လျှင်၊ တစ်ဆယ်က မုန်းတယ်။

(ပလောင် စကားပုံ)

♥

* ထင်းသုံးချောင်း မီးမတောက်၊ မလိမ်မာသော မိန်းမသည် အကန့်ခံရတတ်တယ်။

(ပလောင် စကားပုံ)

♥

* မိန်းမများလေလည်လျှင် နောက်သို့လှည့်။

(ချင်း စကားပုံ)

♥

* လင်မယားညီလျှင် ရွာတစ်ရွာက မတိုက်နိုင်။ ရွာတစ်ရွာညီလျှင် ရွာကိုးရွာ တိုက်နိုင်၏။

(ချင်း စကားပုံ)

♥

* လျှာနှင့်သွားတောင်မှ အတူတူနေလျက်နှင့် ကိုက်တတ်သေးတယ်။

(ချင်း စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com



* ကောင်းစားစေချင်လျှင် အိမ်ထောင်ရှင်နှင့်လိုက်၊ ကြွားလိုလျှင် လည်သည်သူ အဖော်နှင့်လိုက်။

(ပလောင် စကားပုံ)

♥

* အပွင့်ကောင်းလျှင်၊ အကိုင်းအခက် အထက်ကျတယ်။

(ကယား စကားပုံ)

♥

* ချစ်တာဟာ မုန်းတီးခြင်းဖြစ်တယ်။ သနားတာဟာ အမြင်ကတ်တာ ဖြစ်တယ်။

(ပအိုဝ်း စကားပုံ)

♥

* ရန်ဖြစ်တော့လည်း လင်မယား။ တရားထိုင်တော့လည်း လင်မယား။

(ကရင် စကားပုံ)

♥

* ယုံကြည်သော သမီး တိတ်တဆိတ်ဖောက်ပြန်၍ ကိုယ်ဝန်ဆောင်တယ်။ ချီးမွမ်းသော မျောက်ဥပိုးထိုးခေါင်းကြီးဖြစ်တယ်။

(ချင်း စကားပုံ)

♥



* ကြည့်ခြင်းအားဖြင့်ကောင်း၍ စိတ်မှာ ငရဲဖြစ်တယ်။

(ပလောင် စကားပုံ)

♥

* မိန်းမ မာယာ၊ နှမ်းလုံးသုံးတင်း။

(ပအိုဝ်း စကားပုံ)

♥

* ယာနားနီးချင်း၊ ဆွေမျိုးရင်း။

(မနုနှင့်တောင်ရိုး စကားပုံ)

♥

* တောင်ကိုလှစေသည်မှာ သစ်ပင်များ။ ချောင်းကိုလှစေသည်မှာ ကျောက်တောင်ကျောက်ကမ်းပါး။

(လရှီ စကားပုံ)

♥

* တောင်းမှာ ကြိမ်ကွပ်၊ မိန်းကလေးမှာ ပန်းပန်မှလှ။

(ကရင် စကားပုံ)

♥

* သားလုပ်စာ စားလိုလျှင်၊ ချွေးမကို ချစ်ပါ။

(ရှမ်း စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com



* လိပ်ကရေနက်ရှာ၊ မိန်းမက္ကာ အိမ်ထောင်ကျမည့်ဘက်ကို ရှေးရှု။

(ချင်း စကားပုံ)

♥

* ချစ်ခင်လျှင် သတိပေးစကား။
မုန်းလျှင် မလိုမုန်းထားစကား။

(ပလောင် စကားပုံ)

♥

* ချစ်က ကူညီရမယ်။ နှမြောက စောင့်ရှောက်ရမယ်။

(မွန် စကားပုံ)

♥

* မျက်စိ (၄)လုံးက မျက်စိ (၂)လုံးကို နိုင်တတ်တယ်။

(ကယား စကားပုံ)

♥

* အမြင်ကပ်တာဟာ မြင်ချင်တာပါပဲ။ မျက်စောင်းထိုးတာဟာ ကြည့်ချင်တာပါပဲ။

(ပအိုဝ်း စကားပုံ)

♥



* ငါးများဆိုလျှင် ခဲသီးပါရမယ်။ အောင်သွယ်ဆိုလျှင် အခ ပေးရမယ်။

(ကရင် စကားပုံ)

♥

* သူ့နှီးမယား မငိုဝံ့။

(ရခိုင် စကားပုံ)

♥

* အချစ်ဟောင်းနှင့် သွားဖူးလာဖူးခဲ့ရာ လမ်းဟောင်း မမေ့နိုင်။

(ချင်း စကားပုံ)

♥

* ဖျက်လျှင်မုန်း၊ ရှုံးလျှင်ဆဲ၊ သူပဲငါ့အချစ်။

(ပလောင် စကားပုံ)

♥

* အိမ်ထောင်သည်ဆိုလျှင်လည်း၊ အိပ်ခန်းမမြင်ဘူး။ ခင်ပွန်းသေသူလို့ဆိုလျှင်လည်း၊ မြေစာပုံမတွေ့ရဘူး။

(ပအိုဝ်း စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com



* သမီးရှက်တော့ သမက်ဖမ်း၊ တစ်လမ်းမှာ။

(မနုနှင့်တောင်ရိုး စကားပုံ)

♥

* ဒေါင်းဖိုက ဒေါင်းမကို ကပြပြီး၊ အနုနည်းနှင့် ချစ်ရေးဝင်တယ်။

(ရှမ်း စကားပုံ)

♥

* သူ့မယား မျက်ရည်ကျ၊ ကိုယ့်မယား ဝမ်းဝ။

(ရခိုင် စကားပုံ)

♥

* အလှကို မကြည့်နှင့်၊ အသံကို နားထောင်။

(ချင်း စကားပုံ)

♥

* ပန်းဝတ်ရည်ကို သိ၍၊ အသီးခါးမှန်း မသိ။

(ပလောင် စကားပုံ)

♥

* အပ်သွားရာ၊ အပ်ချည်ပါ။

(မနုနှင့်တောင်ရိုး စကားပုံ)

♥



* မိမိဒေသမှာ ကြင်ရာရှာလျှင် (၃)လရှာ၊ သူများဒေသမှာ ရှာလျှင် (၃)နှစ်ရှာ။

(ကရင် စကားပုံ)

♥

* ကောင်းလည်း လင်၊ မကောင်းလည်း ကြောက်။ ကောင်းလည်း မယား၊ မကောင်းတော့ ဘေး။

(ရှမ်း စကားပုံ)

♥

* ကျားပါးစပ်ထဲရောက်သွားပြီးသောအသားကို ပြန်ဆွဲထုတ်ရန် ခက်သကဲ့သို့၊ ယောက္ခမထံသို့ ပေးပြီးသည့်ပစ္စည်းများကိုလည်း ပြန်တောင်းရန် မလွယ်ကူပါ။

(ကူကီးချင်း စကားပုံ)

♥

* ဝါးကျည်တောက်ဟောင်းမှ ရေအေးသလို၊ ချစ်သူဟောင်း၏ စကားသည် ချိုသာတယ်။

(ကရင် စကားပုံ)

♥

* မျက်စိရှိပြီး မကြည့်တတ်လျှင် စိတ်ရှုပ်ထွေးတတ်တယ်။

(ရှမ်း စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com



* ဘုန်းကြီးမှာ သုံးကျောင်း၊ မိန်းမမှာ သုံးလင်။

(ရခိုင် စကားပုံ)

♥

* ကွတ်ငယ်ငှက်လို တစ်ကောင်တည်းအော်။

(နာဂ စကားပုံ)

♥

* ဒီတစ်နှစ်အတွင်း ဖြစ်လိုရာဖြစ်စေတော့၊ မန်းမြို့သားကို ပဲ မယ်ထားကြိုက်တော့မယ်။

(မြန်မာ)

♥

* လှအောင်လုပ်လို့ရ၊ ယဉ်အောင်လုပ်ရေးက ခက်။

(မြန်မာ)

♥

* အလှက မျက်နှာမှာသာမဟုတ်၊ လှတစ်မျက်နှာ ယဉ် တစ်ကိုယ်လုံး။

(မြန်မာ)

♥

* သုံးလင်ကွာသော မိန်းမငယ်လို၊ မကြောက်သောသူသည် အ,သောသူဖြစ်တယ်။

(ရှမ်း စကားပုံ)



* , မိန်းမသွား ပလိုင်းပါပါ၊ ယောကျ်ားသွားလျှင် ဓားပါပါ။

(ပလောင် စကားပုံ)

♥

* မိန်းမလုပ်သူသည် သူ့အလုပ်သူသိလျှင် ယောကျ်ားလုပ် သူကလည်း သူ့အလုပ်သူသိက မြေကြီးတည်သရွေ့ မဆင်းရဲနိုင်။

(ပလောင် စကားပုံ)

♥

* မိန်းမဆိုးကို ဆုံးမရမည်၊ ယောကျ်ားဆိုးကို သတ်ပစ် ရမယ်။

(ပလောင် စကားပုံ)

♥

* မိန်းမ မလိမ္မာ အကန်ခံရတယ်၊ ငှက်ပျောမမှည့်လျှင် မီးအတင်ခံရတယ်။

(ပလောင် စကားပုံ)

♥

* မိန်းမစကား အရေးမယူ၊ လူငယ်စကား တန်ဖိုးမထား။

(ပလောင် စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com



* ချိုသောစကားသည် နွားနောက်တန်တယ်။

(လူရှေ့ စကားပုံ)

♥

* မိန်းမပျင်း၊ မပျင်း ဆောင်းခါမှသိ။ ယောကျ်ား ပျင်း၊ မပျင်း မိုးခါမှသိ။

(ရခိုင် စကားပုံ)

♥

* မသေခင်က ချစ်ခင်ခြင်းသည် သေပြီးမှ ဟောတော့ဟု ဆိုခြင်းထက် တော်သေးတယ်။

(ပလောင် စကားပုံ)

♥

* မချစ်သော်လည်း အောင့်ကာနမ်း၊ မရှင်လန်းသော်လည်း သည်းခံပြီး မွှေးမွှေးပေး။

(ရှမ်း စကားပုံ)

♥

* အလှဆင်ကော၊ မျောက်ဖြစ်တော။

(ရခိုင် စကားပုံ)

♥



* ချစ်ခင်လျှင် သတိပေးစကား၊ မုန်းလျှင် မလိုမုန်းထား စကား။ မေမေ့စကား နားမထောင်လျှင် ရှက်ရတယ်။ ဖေဖေ့စကားနားမထောင်လျှင် ကြောက်ရတယ်။

(ပလောင် စကားပုံ)

♥

* ယောကျ်ားတစ်ယောက်၊ မိန်းမတစ်ယောက်ကို အားနာ၍ ရယူခြင်းမှာ အလွန် အတွေးအခေါ်မှားခြင်းပင်။

( x x x )

♥

* သေလောက်အောင်ကြောက်၊ ရူးလောက်အောင်ချစ်။

(ပလောင် စကားပုံ)

♥

* မိဘက သေးငယ်တယ်ဟုပြောသော်လည်း သူများက တော့ ကြီးပြီ။

(ပလောင် စကားပုံ)

♥

* ချစ်သူရည်းစား စကားနားထောင်လျှင် စိတ်ကောင်းတယ်။

(ရှမ်း စကားပုံ)

♥

www.burmeseclassic.com

www.burmeseclassic.com



* နှမများ မောင်ချည်ခင်စွပ်။

(ရခိုင် စကားပုံ)

♥

* အပြောလိမ္မာလျှင်၊ နွားနောက်ပေးလျှော်ရန်မလိုတော့ပါ။ အပြောမတတ်လျှင် နဖူးဟက်တက်ကွဲတတ်တယ်။

(ကူကီးချင်း စကားပုံ)

♥

* သည်းခံနိုင်လျှင် ရွှေတုံးဖြစ်တယ်။ သည်းမခံနိုင်လျှင် သစ်တုံးဖြစ်တယ်။

(ရှမ်း စကားပုံ)

♥

* လင်ကိုကော၊ အိမ်နားမှာ စပါးလင်တောင်မစိုက်။

(ရခိုင် စကားပုံ)

♥

* မေတ္တာသည် အရာခပ်သိမ်းကို အေးစေတယ်။ တောရိပ်၊ တောင်ရိပ်ထက် မေတ္တာက ပို၍အေးတယ်။

(ပလောင် စကားပုံ)

♥



* လယ်ကွက်မကောင်းက၊ ပျိုးပင်အများကြီးကုန်တယ်။ မျက်နှာမလှက ပန်းအများကြီးကုန်တယ်။

(ရှမ်း စကားပုံ)

♥

* မိန်းမမှာ ရှာမဟီ။ ယောကျ်ားမှာ သချိုင်းမဟီ။

(ရခိုင် စကားပုံ)

♥

* ရှုပ်လိုလျှင် မယားကြီး မယားငယ်ထား၊ ချိုချိုစားချင်လျှင် ပျားမွေးပါ။

(ပလောင် စကားပုံ)

♥

* လင်ရှိပြီး ရည်းစားထားလျှင် တစ်နေ့ အမှုတွေ့မယ်။

(ရှမ်း စကားပုံ)

♥

* နှမကေမောင်၊ မောင်ကမယား။

(ရခိုင် စကားပုံ)

♥

* လူပျို၊ အပျိုတွေ့လျှင်၊ နွားငယ် မိခင်တွေ့သလိုပဲ

(ပလောင်စကားပုံ)

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



* အပျိုကျတော့ လူပျိုအို၊ အအိုကျတော့ ယင်ကောင်အုံ တယ်။

(ပလောင် စကားပုံ)

♥

* ယောက္ခမအိမ်မှာ ဆင်းရဲသောသမက် မျက်နှာငယ်သလောက်၊ ချမ်းသာသော သမက်က မျက်နှာကြီးတယ်။

(ရှမ်း စကားပုံ)

♥

* ရစ္စာမလို၊ လိုစ္စာမရ၊ အိုဒုက္ခ။

(ရခိုင် စကားပုံ)

- ကိုယ်ကျန်းမာကြပါစေ။
- စိတ်ချမ်းသာကြပါစေ။
- ကိုယ့်ဝန် ကိုယ့်တာ ကိုယ့်ခန္ဓာ ကောင်းစွာဆောင်ရွက်နိုင်ကြပါစေ။
- အချစ်စကားပုံလေးများကို ဖတ်ရှုမှတ်သားကြပြီး ဘဝပညာ ရကြပါစေဗျာ။

သုတေသီ ဘုန်းမြင့်သွေး

BURMESE CLASSIC .com



# ကျမ်းကိုး

၁။ တနင်္သာရီမောင်ချစ်စံ– မြန်မာနိုင်ငံတွင်း စကားပုံများ
၂။ ဦးမင်းနိုင် – တိုင်းရင်းသားစကားပုံ
၃။ တီအေဒင် – ရှေးဟောင်းအင်္ဂလိပ်ပညာရှိကြီးများ၏ စကားပုံများ။
၄။ လှသမိန် – မြန်မာစကားပုံအဘိဓာန်
၅။ ဦးအောင်သောင်း – မြန်မာစကားပုံများ
၆။ ဦးကြည်ထွန်း – သိမှတ်ဖွယ်ရာ အဆိုအမိန့်များ
၇။ မြန်မာစကားပုံ– ပညာရေးဝန်ကြီးဌာန၊မြန်မာစာအဖွဲ့ ဦးစီးဌာန
၈။ ဓါးသောင်းရွှေ – ဗဟုသုတ စကားပုံ ၁၀၀၀၀
၉။ တင်ဆွေအေးစာတည်းအဖွဲ့ – အိပ်ဆောင်အင်္ဂလိပ် စကားပုံအဘိဓာန်
၁၀။ ဦးမြတ်လှ – မြန်မာစကားပုံပေါင်းချုပ်
၁၁။ ရွှေလင်းသက်ဝေ – ကမ္ဘာကျော်အချစ်မှတ်စု

www.burmeseclassic.com

www.burmeseclassic.com



၁၂။ ဆရာကေဘစိန် – မြန်မာစကားပုံ ၅၅၀

၁၃။ ဦးတင့်ဆွေ – ကမ္ဘာ့နီတိ

၁၄။ ထွန်းနိုင် – ကမ္ဘာ့အဆွေးအခေါ်များ

၁၅။ ဦးဝင်းမြင့် – စာနိုင်ငံနီတိ

၁၆။ ရှေးပညာရှိသုခမိန်တို့၏ ဆုံးမစကားများ (မြန်မာပြည်ကျမ်းစာအသင်း)

၁၇။ ဗိုလ်ဥယျာဉ်ဦးလှစံ – မြန်မာစကားပုံအသုံးအနှုန်းအဘိဓာန်

၁၈။ ဦးတင်ဝင်းလှိုင် – နိုင်ငံတကာစကားပုံအဘိဓာန်

၁၉။ မောင်လှိုင်ရီ – လူတိုင်းအတွက် စကား

၂၀။ မောင်လှိုင်ရီ – မှတ်စုမှတ်ရာ နီတိစာ

၂၁။ လော့ခုပ်ဂျာနော် – ကချင်စကားပုံ

၂၂။ ဆရာမြင့်နိုင် (ယင်းတော်) – အာရပ်ပုံပြင်နှင့်စကားပုံများ

၂၃။ ဦးမျိုးသန့်(မြန်မာပြန်) – သိရှကုရယ်လ်

၂၄။ ဘုန်းမြင့်သွေး – ကမ္ဘာ့ မြန်မာလက်ရွေးစင်နီတိ အကျော်အမော်များ



၂၅။ ဘုန်းမြင့်သွေး – ဘဝအတွက် စကားကောင်း စကားမွန်များ

၂၆။ ဘုန်းမြင့်သွေး – ရှေးဟောင်း နိုင်ငံရပ်ခြား စကားပုံ လက်ရွေးစင်များ

၂၇။ မောင်မောင်မြင့်သိန်း – ရွှင်မြူးပြည့်ဝ စကားပုံအလှ

၂၈။ သုန္ဒရီ – ရင်တွင်းမှာဖြစ် ချစ်ခြင်းစကား

www.burmeseclassic.com

www.burmeseclassic.com

သုတေသီ ဘုန်းမြင့်သွေး

BURMESE CLASSIC .com



# အချစ်စစ်နှင့်အချစ်မှန် စကားပုံများ

Design: Ko Maung Maung Zew

www.burmeseclassic.com